ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ တနင်္ဂနွေနေ့၊ (6-5-2012) (၇၁၁၂)

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# နိုင်ငံတစ်ဝန်း၌ ကဆုန်ညောင်ရေသွန်းပွဲတော်များ စည်ကားသိုက်မြိုက်စွာ ကျင်းပ

## ဘုရားဖူးလာပြည်သူများ စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ရေချမ်း၊ ဆီမီး ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၅

**ဖွားမြင်၊ ပွင့်၊ စံ၊ ဗျာဒိတ်ခံ မှတ်ရန်ကဆုန်လပြည့်ကြုံ ဟူ၍လည်းကောင်း၊ ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း ဟူ၍လည်းကောင်း ဗုဒ္ဓဘာသာဝင်တို့က ကဆုန်လပြည့်နေ့နှင့် သက်ဆိုင်သော ဗုဒ္ဓဖြစ်တော်စဉ်တို့ကို မှတ်တမ်းပြုခဲ့ကြသည်။ ကဆုန်လပြည့်ဗုဒ္ဓနေ့တွင် အထင်ရှားဆုံး ရာသီပွဲတော်မှာ ညောင်ရေသွန်းပွဲတော်ဖြစ်သည်။**




ကဆုန်လတွင် နေရှိန်ပြင်းသဖြင့် အင်း၊ အိုင်တို့၌ ရေခန်းခြောက်ကာ ရေကိုအမှီပြုနေရသော သစ်ပင်တို့ ရေငတ်ကြရသည်။ ထိုအခါ ပရိဘောဂစေတီဖြစ်သော ဗောဓိညောင်ပင်တို့ကို စိမ်းစိုလန်းဆန်းစေရန် ကဆုန်လ၏ ရာသီပွဲတော်အဖြစ် ညောင်ရေသွန်းပွဲတော်ကို ကျင်းပခဲ့ခြင်းဖြစ်သည်။

နေပြည်တော် ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်အား စတုတ္ထအကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် အဆိုပါ မဟာဗောဓိပင်ရှေ့၌ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ နာယကများဖြစ်ကြသည့် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ နေပြည်တော်ကောင်စီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနဝတ်အသင်းအဖွဲ့များ၊ မြို့နယ်ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက မဟာဗောဓိပင်တော်အား **စာမျက်နှာ ၈ ကော်လံ ၁ သို့**

**ဉပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ နာယကများဖြစ်ကြသည့် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်တို့ မဟာဗောဓိပင်တော်အား အမွှေးနံ့သာရည်ဖြင့် သွန်းလောင်းပူဇော်ကြစဉ်။** (သတင်းစဉ်)

| **မှတ်သားဖွယ်ရာ မိုးရေချိန်များ** (၅-၅-၂၀၁၂) | | |
|---|---|---|
| ဖြူး | ၃ ဒသမ ၅၀ | လက်မ |
| ကိုကိုးကျွန်း | ၃ ဒသမ ၂၆ | လက်မ |
| ဇောင်းတူ | ၂ ဒသမ ၈၃ | လက်မ |
| သိမ်ဇရပ် | ၂ ဒသမ ၀၉ | လက်မ |

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။

အင်တာနက် သိပ္ပံ သတင်း ➤➤ ဘာသာပြန် - ဇင်ထူး

## ကြာသပတေးဂြိုဟ်၏ အရံလများပေါ်တွင် သက်ရှိများတည်ရှိမှုအလားအလာ စူးစမ်းလေ့လာမည်

ကြာသပတေးဂြိုဟ် (Jupiter)၏ ဂြိုဟ်ရံလ သုံးစင်းကို စူးစမ်းလေ့လာမည့် စီမံကိန်းတစ်ရပ်အား ဉရောပအာကာသအေဂျင်စီ (ESA)က မကြာသေးမီက ထုတ်ဖော်ကြေညာလိုက်သည်။

ကြာသပတေးဂြိုဟ်၏ အေးခဲလများ စူးစမ်းလေ့လာရေး (The Jupiter Icy moons Explorer- JUICE ) ဟု အမည်ပေးထားသော အဆိုပါ အာကာသမစ်ရှင်အရ သက်ရှိများ ရှင်သန်နေထိုင်ဖွယ် အလားအလာရှိသည့် လများကို လေ့လာသွားမည် ဖြစ်ကြောင်း၊ ယူရိုပါ၊ ဂနီမီးဒ်နှင့် ကာလစ္စတိုဟု **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖



*ယ နေ့ သ တ င်း အ ညွှ န်း*

“ခန္ဓာကိုယ်အအေးဓာတ်ရစေရန် နည်းလမ်းမမှန်ကန်စွာ ပြုလုပ်ခြင်းသည် ကိုယ့်အသက်အန္တရာယ်ကိုပင်ထိခိုက်နိုင်ကြောင်း သတိပြုစေချင်”

ယနေ့ ဖတ်စရာ မှတ်စရာ စာမျက်နှာ ၂

“တစ်ပါးသူအပေါ် မလျော်အသာစီးယူနေကြသည့် အလားတူအချောင်သမားများကို စာဖတ်သူတို့ တွေ့ကြုံနေကြရမည်မှာ အသေအချာပင်”

မပြောမပြီး မတီးမမြည် စာမျက်နှာ ၆



နီပေါနိုင်ငံအနောက်ပိုင်းတွင် ရေအကြီးအကျယ် လွှမ်းမိုး

နိုင်ငံတကာသတင်း စာမျက်နှာ ၄

မြောက်ကိုရီးယား ရေငုပ်သင်္ဘောများ တောင်ကိုရီးယား ရေဒါမြင်ကွင်းမှ ကွယ်ပျောက်နေ



နိုင်ငံတကာသတင်း စာမျက်နှာ ၅

ကြေးမုံစာတည်းရှထောင့်

၆-၅-၂၀၁၂(တနင်္ဂနွေနေ့)။

# သမိုင်းကြောင်းကို သက်သေတည် နားလည် ခွင့်လွှတ်ခြင်းသည် ပထမ

မျက်မှောက်ကာလတွင် မည်သည့်အလုပ်ကိုလုပ်ကိုင်သည်ဖြစ်စေ အတိတ်ကာလက အလားတူဖြစ်စဉ်ဖြစ်ရပ်များကို ပြန်ပြောင်းလေ့လာကြည့်သင့်ပေသည်။ အဘယ်ကြောင့်ဟူမူ မြန်မာနိုင်ငံ၏ရှည်လျားသောသမိုင်းကြောင်းတွင် လူတစ်ဦးချင်းအလိုက်ဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ“အာဃာတ”များ၊ “ဝိရောဓိ”များ များခဲ့သောကြောင့် ဝမ်းနည်းဖွယ်၊ ဆုတ်ယုတ်ဖွယ်အကြောင်းတရားများ ဖြစ်ပေါ်ခဲ့သည်တို့အား အတိတ်သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်လျှင် တွေ့နိုင်မည်ဖြစ်သည်။

အာဃာတများ၊ ဝိရောဓိများမှာ မကောင်းသောအမှုများသာဖြစ်သည်။ အာဃာတဆိုသည်မှာ တစ်စုံတစ်ဦးအပေါ် မကျေနပ်သောကြောင့် အန္တရာယ်ပြုရန် စိတ်တွင်တေးမှတ်ထားခြင်း၊ ဝိရောဓိဆိုသည်မှာ ဆန့်ကျင်ခြင်း၊ ဆန့်ကျင်ဘက်ပြုခြင်းတို့ဖြစ်ပြီး အပြုသဘောမဆောင်သည့် အပျက်သဘောများသာဖြစ်သည်။ ထို့ကြောင့် ယနေ့ကာလ မိမိတို့လူမှုဘဝ၊ လူ့ဘောင်လောကကို ပြန်လည်တည်ဆောက်ကြရာဝယ် “မတူတာကိုဘေးဖယ်၊ တူတာကိုတွဲလုပ်ကြစို့”ဟု ကြွေးကြော်လာကြခြင်းဖြစ်ပေသည်။

တစ်ယောက်နှင့်တစ်ယောက်အကြားတွင် မတူခြားနားကြသည်ကို နားလည်သည်းခံနိုင်ကြရမည်ဖြစ်သည်။ အသားအရောင်မတူ၊ အတွေးအခေါ်မတူ၊ ယုံကြည်ချက်မတူသည်တို့ကို နားလည်လက်ခံပေးကြရမည်ဖြစ်သည်။ လက်တစ်ခုကို တစ်ဖက်မှကြည့်လျှင် လက်ဖဝါးဖြစ်မည်ဟု သိရမည်ဖြစ်ပြီး တစ်ဖက်ကကြည့်လျှင် လက်ဖမိုးဖြစ်မည်ကို နားလည်လက်ခံပေးသင့်ပေသည်။ မိမိအမြင်သာ မှန်သည်ဟု အမြင်တစ်ခုတည်းဖြင့် တထစ်ချဆုံးဖြတ်လိုက်လျှင် ဆန့်ကျင်ဘက်သဘော ဝိရောဓိအဖြစ်သို့ ရောက်သွားမည်ဖြစ်သည်။

လူတစ်ဦးနှင့်တစ်ဦး သဘောဆန္ဒမတူကြချေ။ တစ်မိဝမ်းတွင်းမှ အတူဖွားလာသူပင်ဖြစ်လင့်ကစား အမြင်ကွဲပြားကြပေသည်။ တစ်ဦးနှင့်တစ်ဦး ရှုမြင်ပုံချင်းမတူသည်ကို ကိုယ့်အမြင်နှင့်ကိုယ် ညှိယူနေရုံဖြင့် ခရီးဆုံးသို့ရောက်မည်မဟုတ်ချေ။ နောက်ဆုံးတွင် ငါနှင့်မတူ ငါ့ရန်သူ၊ ငါ့ဘက်မလိုက်လျှင် ငါ့ရန်သူဟူသော အတ္တမာနများ ကြီးစိုးသောအခါဝယ် သာယာစိုပြည်သောလူ့ဘောင်လောကနှင့် ဝေးနေဦးမည်သာဖြစ်သည်။

မြန်မာလူမျိုးတို့၏ အတိတ်သမိုင်းတွင် အကွဲအပြဲများစွာ ကြုံတွေ့ခဲ့ရပြီးဖြစ်၍ အောင်မြင်သောလူ့ဘောင်သမိုင်းကို ရောက်ရှိရန်အတွက် တစ်ဆစ်ချိုးတွင် ပျက်သုဉ်းရခြင်းမျိုး၊ ရပ်လိုက်ရခြင်းမျိုး၊ အချိန်ကာလများ ကုန်လွန်ပြီးမှ အသစ်ပြန်စလိုက်ရခြင်းမျိုးဖြစ်ခဲ့ရသည်ကို မြင်တွေ့မှတ်သားကြားဖူးကြမည်ဖြစ်သည်။

အတိတ်ကအဖြစ်များကို သင်ခန်းစာယူ၍ အနာဂတ်တွင် ထိုသို့မဖြစ်စေရန်အတွက် “မလျှော့မတင်း စောင်းကြိုးညင်း”ကြရတော့မည်ဖြစ်သည်။ အလျှော့အတင်းဖြင့် “ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ” သဘောတရားတို့ကို လက်ကိုင်ထားကြရမည်ဖြစ်သည်။ ဘုံရည်မှန်းချက်ကို ဦးစားပေးလိုက်သည်နှင့် တူညီသော မျှော်လင့်ချက်များ မြင်သာလာပြီး သာယာလှပသောအနာဂတ်ကို ပိုင်ဆိုင်နိုင်ကြမည်ဖြစ်ပေသည်။

ရှုထောင့်ကွာခြားမှုကြောင့်ဖြစ်ရသော အဖြစ်အပျက်များသည် ဆုံးရှုံးမှုသာ အမြတ်ထွက်မည်ဖြစ်သည်။ သဘောတူညီမှု၊ စာနာနားလည်မှုနည်းပါးနေသရွေ့ ကျွန်ုပ်တို့လူ့ဘောင်သည် သာယာဝပြောသော၊ အောင်မြင်သောလူ့ဘောင်သို့ ရောက်ရှိဦးမည်မဟုတ်ချေ။ ထို့ကြောင့် သာယာဝပြောသော အနာဂတ်လူ့ဘောင်ကိုပိုင်ဆိုင်ဖို့ အတ္တ၊ မာန မချနိုင်သေးသောကာလဝယ် သမိုင်းကြောင်းကို သက်သေတည်ပြီး နားလည်သည်းခံခြင်းတရားတို့ကို အားထုတ်သင့်သည်ဟု ယူဆပါသည်။ ။

# မန္တလေးမြို့၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်မှုများဖြင့် စည်ကား

**နေပြည်တော် မေ ၅**

ကဆုန်လပြည့် ဗုဒ္ဓနေ့ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားများကို မန္တလေးမြို့၌ ယနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ နံနက် ၄ နာရီတွင် မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော် ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်ကြပြီး ရွှေသက်န်းကပ်လှူကာ ဆွမ်းနှင့် ရေချမ်းဆက်ကပ်လှူဒါန်းကြသည်။ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသက်န်းကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်းများပြုကြပြီး အင်္ဂါထောင့်ရှိ ပရိဘောဂစေတီ ဗောဓိညောင်ပင်အား အမွှေးနံ့သာရည်များဖြင့် ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ ဆုတောင်းရဘုရား၊ ဆုတောင်းပြည့်ဘုရား၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ ရွှေကျီးမြင်ဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက်ရှိ သီပေါမင်းတည်ထားခဲ့သော အရှေ့ပြင်နယ်လုံးဆိုင်ရာ မဟာလောကရန်နိုမ်အောင်တော်မူ မြတ်စွာဘုရားနှင့် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ရှိ မဟာဗောဓိပင်ဘုရားတို့၌ နံနက်အရုဏ်တက်မှ ညတိုင်အောင် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရွှေသက်န်း၊ သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သူများ၊ သီတင်းသီလ ဆောက်တည်ကြသူများနှင့် ဘုရားစေတီပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်း ပူဇော်ကြသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး ဘာသာရေး၊ သာသနာရေး၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်အလှူရှင်များကလည်း စတုဒိသာ ကြာဆံဟင်း၊ ရွှေရင်အေး၊ အချိုရည်မျိုးစုံ၊ သောက်ရေသန့်တို့ဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ကဆုန်လပြည့်နေ့က မန္တလေးမြို့ ဘုရားစေတီများရှိ ဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းပူဇော်ကြသူများဖြင့် စည်ကားလျက်ရှိစဉ်။** (သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၅ - ၅ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ(ကျပ်) | ၈၂၂. ၀၀၀ | ၀. ၀၀၁၂၂ |
| ထိုင်း (ဘတ်) | ၃၀. ၉၀၀၀ | ၀. ၀၃၂၃၆ |
| တရုတ် (ယွမ်) | ၆. ၂၉၁၉၀ | ၀. ၁၅၈၉၃ |
| အိန္ဒိယ (ရူပီး) | ၅၃. ၄၇၀၀ | ၀. ၀၁၈၇၀ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၄၁၀၀ | ၀. ၃၂၈၈၄ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၄၄၆၅ | ၀. ၈၀၃၄၄ |
| ဂျပန် (ယန်း) | ၇၉. ၈၄၅၀ | ၀. ၀၁၂၅၂ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၃၅. ၆၄ | ၀. ၀၀၀၈၈ |
| ယူရို | ၀. ၇၆၄၄၅ | ၁. ၃၀၈၁၃ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၁၉၂၃ | ၁. ၅၁၄၉၀ |

*အင်တာနက်။*



**မေ ၃ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများအား တူညီဝတ်စုံပေးအပ်ပွဲအခမ်းအနားကို မြို့နယ်ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက ငွေကျပ် ၆၈၈၅၀၀ တန်ဖိုးရှိ တူညီဝတ်စုံများအား ဝန်ထမ်းတစ်ဦးချင်းထံ ပေးအပ်စဉ်။** (ဝ၈)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆–၅–၂၀၁၂ (တနင်္ဂနွေနေ့)

| | |
|---|---|
| ၇း၀၅ | တရားတော် |
| ၇း၃၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၈း၁၅ | ဇာတ်လမ်းတို |
| ၁၁း၃၀ | ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့်ပိုးဟပ်ရှုပ်ကလေးများ (အပိုင်း-၅၄) |
| ၁၂း၀၀ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် “တို့မေမေ” |
| ၁း၁၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၁း၂၀ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရှင်သန်နေသရွေ့ (အပိုင်း-၂၃)** |
| ၄း၃၀ | သီဆိုဖြေဖျော် တစ်ကိုယ်တော် |
| ၄း၅၅ | မီးသတိပေးနှိုးဆော်ချက် |
| ၅း၂၀ | ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း |
| ၆း၃၀ | ဘဝကြေးမုံ |
| ၆း၅၀ | ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ |
| ၇း၀၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သူရဲကောင်းလေးကျွန်မချစ်သူ (အပိုင်း-၁၉)** |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -ယနေ့ရန်ကုန်မြင်ကွင်းစုံ -ပဟေဠိနန်းတော် - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ်” (အပိုင်း-၁၉) -ရသစုံလင် ရုပ်မြင်ဇာတ်လမ်း “အရုဏ်ဦးရဲ့လင်းသံစဉ်” (အပိုင်း-၂၅)** |

ယနေ့ဖတ်စရာ မှတ်စရာ

ခင်လပြည့်ဝန်း

# သည်းခံကြစေလိုသည်

ယခုတလော သိကျွမ်းခင်မင်ခဲ့ကြသည့်မိတ်ဆွေများ၊ မောင်နှမမိသားစုများ အချင်းချင်း တွေ့ဆုံကြသည့်အခါ အောက်ပါစကားများကို အများဆုံးကြားနေရသည်။

“ပူလိုက်တာနော်”

“နေပူလို့ဘယ်မှတောင်မသွားချင်ဘူး၊ အရမ်းနေလို့ခက်တာပဲ”

“တတ်နိုင်ရင် လူတစ်ကိုယ်လုံးရေထဲစိမ်ထားချင်တော့တယ်”

“ဒို့ကတော့ တစ်နေ့ရေကိုလေးငါးခါလောက်ချိုးပစ်မှ နေလို့ထိုင်လို့ သက်သာတယ်”

ထိုထိုဤဤပြောစကားများသည် နွေရာသီ၏အပူဒဏ်ကို ခံကြရသူအချင်းချင်း ခံစားမိရသည့် ရင်ဖွင့်စကားများပင်တည်း။ ထိုသို့သောစကားများကိုကြားလိုက်ရသည်နှင့် စာရေးသူငယ်စဉ်ကလေးဘဝက ကြားသိခဲ့ရသည့်အဖြစ်အပျက်တစ်ခုကို တခုတ်တရ သတိရမိသည်။ စာရေးသူ၏ဇာတိမြို့မှာ အညာဒေသတွင်ရှိသည့် မိတ္ထီလာမြို့ပင်ဖြစ်သည်။ ဇာတိမြို့၌နေထိုင်သည့် အသက်ငယ်ငယ်သီလရှင်လေးတစ်ပါးမှာ အပူဒဏ်မခံနိုင်သည့်အတွက် ခြင်ထောင်တစ်ထည်လုံးရေဆွတ်၍ အိပ်လေသည်။ မနက်မိုးလင်း၍ ထိုသီလရှင်လေးအိပ်ရာထလာခြင်းမရှိသဖြင့်သွားကြည့်ကြလေရာ သီလရှင်ကျောင်းမှ ဆရာလေးများမှာ အိပ်ရာခင်းပေါ်တွင် တောင့်တင်းအေးစက်နေသည့်အသက်မဲ့နေသော ဆရာလေး၏ ရုပ်ခန္ဓာသာတွေ့လိုက်ကြရသည်။ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် မြို့ပေါ်နေလူများမှာ သတင်းကြားလိုက်ရသည်တွင် စုတ်တသပ်သပ်ဖြစ်ကြ၏။

လွန်ခဲ့သည့် ဆယ်နှစ်လောက်က စာရေးသူမိတ်ဆွေစိုက်ပျိုးရေးသမားတစ်ဦး၏ အဖြစ်ကိုရေးပြချင်ပါသည်။ သူသည်လှည်းကူးမြို့နားတွင် ခြံစိုက်ပြီး ဝင်ငွေရှာနေသူလည်းဖြစ်၏။ စိုက်ပျိုးရေးခြံတွင်တစ်နေကုန်အလုပ်လုပ်၍ ညနေစောင်းမှ ရန်ကုန်မြို့သို့ ပြန်လာလေ့ရှိသည်။ တစ်နေ့သော် စိုက်ပျိုးရေးခြံမှ ပြန်လာအပြီး အိမ်သို့ ရောက်ရောက်ခြင်း ခြေထောက်ဆေး၍ သူ၏ဇနီးသည်ကိုတစ်ရေးလောက် အိပ်လိုက်ဦးမည်ဟုပြော၍ အိပ်ခန်းထဲသို့ သူဝင်အိပ်လိုက်ပြီး တစ်နာရီခန့်ကြာသော် ရုတ်တရက်နိုးလာပြီး သူ့ဇနီးသည်ကို လှမ်းအော်ခေါ်တော့သည်။ သူ၏ ဇနီးသည် သူအိပ်နေသည့်အနားသို့ရောက်လာသောအခါ သူ၏ မျက်လုံးများဖွင့်ကြည့်သော်လည်း မှောင်မှောင်မည်းမည်းနှင့် ဝိုးတဝါးသာမြင်ရပြီး ဘာမှမမြင်နိုင်တော့ကြောင်း၊ သဲသဲကွဲကွဲမရှိတော့ကြောင်း ပြောလေသည်။ ထိုသူမှာ ယနေ့ထက်တိုင် မျက်စေ့နှစ်ကွင်း အလင်းမရတော့ပေ။

စာရေးသူအစ်ကိုကြီး၏ လုပ်ဖော်ကိုင်ဖက်ရေနံအင်ဂျင်နီယာတစ်ဦးအကြောင်း ရေးပြချင်ပါသေးသည်။ အညာဒေသအထက်ဘက် ရေနံရှာဖွေရေးကုမ္ပဏီတစ်ခုတွင် ရေနံတူးနေစဉ်ကဖြစ်သည်။ အင်ဂျင်နီယာရုံးခန်းထဲတွင် လေအေးစက်အပြည့်ပေးထားသဖြင့် အပြင်ဘက်တွင် လွန်စွာပူသော အပူချိန်ရှိသည့်နေရာမှ ရုတ်တရက်ရုံးခန်းထဲသို့ ဝင်ရောက်လာသည်တွင် သတိမေ့၍ နေရာမှာပင်လဲကျသွားသည်။ ရုံးမှလူများက ဆေးရုံတင်မည်ပြုစဉ်မှာပင် အသက်ကုန်သွားလေသည်။ အစ်ကိုကြီးက နာရေးကြော်ငြာကိုပြ၍ အပူနှင့်အအေး ရုတ်တရက်မမျှ၍ ဦးနှောက်သွေးကြောပြတ်သွားခြင်းဖြစ်သည်ဟု ပြောပြသည်ကို မှတ်မိနေလေသည်။

မနှစ်ကနွေရာသီတွင် မိတ်ဆွေတစ်ယောက်ကလည်း ပြောပြဖူးသည်။ သူတို့အိမ်နားတွင်နေသည့် တက္ကဆီဒရိုင်ဘာတစ်ယောက်ရှိသည်။ နေ့ခင်းတွင် နေပူဒဏ်ခံနေရသည့်အတွက် သက်သာလိုသက်သာငြား မျက်နှာသုတ်ပဝါအသေးလေးကို ရေဆွတ်၍ လည်ပင်းကို ပတ်ထားပြီး မျက်စိမှိတ်နားနေလိုက်သည်။ ထိုတက္ကဆီဒရိုင်ဘာမှာ ဦးနှောက်သွေးကြောပြတ်၍ သေဆုံးသွားသည်။ ဖြစ်ပျက်ပုံခြင်းတူသည့် နောက်တစ်ယောက်မှာ. . ဈေးမှ ဆိုက်ကားသမားတစ်ယောက်ဖြစ်သည်။ နေ့လယ်ခင်းနေပူပူမှာ ရေခဲရေဝယ်သောက်ပြီး ကျန်သောရေခဲရေအနည်းငယ်ကို ဦးခေါင်းပေါ်ဆွတ်လိုက်မိသည်။ မကြာခင်မှာပင် သူ၏အပေါင်းအသင်းဆိုက်ကားသမားများ ရှေ့မှာပင် အရုပ်ကြိုးပြတ်လဲကျပြီး သေဆုံးသွားတော့သည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုမှာလည်း ပူပြင်းလာရသည်မှာ မှန်၏။ မြန်မာပြည်၏ ရာသီဥတုထဲတွင် နွေရာသီသည် မြန်မာပြည်သူပြည်သားတို့ သည်းမခံနိုင်အောင် နှိပ်စက်လျက်ရှိသည်။ လူကောင်းပကတိပင် နွေရာသီ၏ အပူဒဏ်ကို မနည်းသည်းခံနေရလျှင် မွေးကင်းစမှ ကလေးငယ်များ၊ အိပ်ရာထဲလဲနေသည့် လူမမာများ၊ သက်ကြီးရွယ်အိုများမှာ လူးလိှမ့်ခံနေရပေမည်။ သို့ရာတွင် နွေရာသီ၏ အပူဒဏ်မခံနိုင်သည့်အဆုံး အချိန်အခါကို မစောင့်စားဘဲ ရေခဏခဏချိုးခြင်း၊ ခန္ဓာကိုယ်အအေးဓာတ်ရစေရန် နည်းလမ်းမမှန်ကန်စွာပြုလုပ်ခြင်းသည် ကိုယ့်အသက်အန္တရာယ်ကိုပင် ထိခိုက်နိုင်ကြောင်း သတိပြုစေချင်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်ပါ လိုက်နာကြရမည့်အချက်(၁၂)ချက်ကို သေချာစွာမှတ်သားလိုက်နာကြစေရန် စာရေးသူတို့ မြန်မာပြည်သူပြည်သားများကို စေတနာစကားဖြင့် အမှာပါးလိုက်ရပါသည်။ ။

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်

နေပြည်တော် မေ ၅

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၄ ရက် ည ၇ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပရာ အသင်းဂုဏ်ထူးဆောင်နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ကျန်းမာရေးဦးစီးဌာနမှူးများ တက်ရောက်ကြသည်။**

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၂၂) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်မှုအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား အသင်းဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်သန်းဝင်းက ဂါရဝလက်ဆောင်ပေးအပ်ပြီး တာဝန်ရှိ ပုဂ္ဂိုလ်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ၂၀၁၁ ခုနှစ် တိုင်းဒေသကြီးအဆင့် လှုပ်ရှားမှုထူးချွန် ပထမဆုရ မန္တလေးတိုင်းဒေသကြီးနှင့် ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီးတို့မှ ကိုယ်စားလှယ်များအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လှုပ်ရှားမှုထူးချွန် တတိယဆုရ မကွေးတိုင်းဒေသကြီး၊ အထူးဆုရ ပဲခူးတိုင်းဒေသကြီး၊ အထူးဆုရ ဧရာဝတီတိုင်းဒေသကြီးတို့အား အသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်၊ ပြည်နယ်အဆင့် လှုပ်ရှားမှုထူးချွန် ပထမဆုရ ရှမ်းပြည်နယ်အား ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်သန်းဝင်း၊ ဒုတိယဆုရ မွန်ပြည်နယ်အား ဗဟိုအလုပ်အမှုဆောင် ဒေါ်သက်သက်ဆွေ၊ တတိယဆုရ ကချင်ပြည်နယ်အား ဗဟိုအလုပ်အမှုဆောင် ဒေါ်စဝ်နွန်းခွန်ဆမ်နှင့် အထူးဆုရ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့အား အတွင်းရေးမှူး ဒေါ်သဇင်နွယ်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၁၁ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သုတေသနစာတမ်း ဆုများ ပေးအပ်ချီးမြှင့်ရာ ကျန်းမာရေး ဦးစီးဌာနနှင့် ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက အကောင်းဆုံး သုတေသနစာတမ်း ပထမဆုရ ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီး၊ တတိယဆုရ မကွေးတိုင်းဒေသကြီးတို့အား လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) ဒေါက်တာသိန်းသိန်းဌေးက အထူးဆုရ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ လှုပ်ရှားမှုထူးချွန်ဂုဏ်ပြုဆုရ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ဆုချီးမြှင့်ပေးအပ်ရာ ချင်းပြည်နယ်အား တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်တင်တင်ဝင်းက လည်းကောင်း၊ ကယားပြည်နယ်အား တွဲဖက်အတွင်းရေးမှူး(၂) ဒေါ်ဂျိုဂျိုစန်းက လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအား ဗဟိုအလုပ်အမှုဆောင် ဒေါ်တင်မြတ်သူက လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအား ဗဟိုအလုပ်အမှုဆောင် ဒေါ်အမာက လည်းကောင်း၊ နေပြည်တော်ကောင်စီအား အကျိုးဆောင်စာရင်းစစ် ဒေါ်သန်းဝင်းက လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခေတ်ပေါ်တေးဂီတအဖွဲ့က ဖျော်ဖြေကာ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

(သတင်းစဉ်)



**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင် ၂၀၁၁ ခုနှစ် တိုင်းဒေသကြီးအဆင့် လှုပ်ရှားမှုထူးချွန် တတိယဆုရ မကွေးတိုင်းဒေသကြီးမှ ကိုယ်စားလှယ်အား ဆုပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

# စာချုပ်ပါစည်းကမ်းချက်များ ဖောက်ဖျက်၍ လမ်း/တံတား ဖြတ်သန်းခကောက်ခံခွင့်ရုပ်သိမ်း

**နေပြည်တော် မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ် - ချောင်းသာလမ်းပေါ်ရှိ မောင်ဘိဝ လမ်းဂိတ်နှင့် ဥတိုတံတားဂိတ် သာမန်တံတား(ဃ)အဆင့် ပေ ၉၀၀ တို့အား ချောင်းသာဟိုတယ်ဇုန်အဖွဲ့က တာဝန်ယူပြီး ဟိုတယ်ဇုန်အဖွဲ့ကိုယ်စား ဦးကျော်ဟိုးအား တိုက်ရိုက်လုပ်ကိုင်ခွင့်တာဝန်ပေးခဲ့ရာ စာချုပ်ပါစည်းကမ်းချက်များအား ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရ၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် လေလံလုပ်ကိုင်ခွင့်ကို မေ ၁ ရက်မှစ၍ ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။

၂၀-၃-၂၀၁၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတား အသုံးပြုခကောက်ခံရေးဂိတ်စခန်း ၃၄ ဂိတ်ကို လေလံတင်ပြီး မောင်ဘိဝလမ်းဂိတ်အား ကျပ် ၄၇ ဒသမ ၆၁ သိန်းနှင့် ဥတိုတံတား(သာမန်) ဂိတ်အား ကျပ် ၄၅ ဒသမ ၃၈ သိန်းဖြင့် လုပ်ကိုင်ခွင့်ပေးခဲ့ရာ လုပ်ကိုင်ခွင့်ရရှိသူ ဦးကျော်ဟိုးသည် စာချုပ်ပါစည်းကမ်းချက်အရ သတ်မှတ်ကာလအတွင်း ပြေစာပေး၍ ငွေကောက်ခံမှု မပြုခြင်း၊ ဂိတ်နှစ်ခုစလုံးမှ ကားငါးစီးအား သတ်မှတ်နှုန်းထားထက် ပိုမိုကောက်ခံခြင်း၊ ဥတိုတံတား(သာမန်)ဂိတ်သည် သာမန်တံတား(ဃ)အဆင့် ကောက်ခံရန်ဖြစ်သော်လည်း စီမံကိန်းဝင် (ဂ)အဆင့်ဖြင့် ကောက်ခံနေခြင်းတို့အား စိစစ်တွေ့ရှိရသဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် လေလံလုပ်ကိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းပြီး လေလံမဲစနစ်ဖြင့် ရွေးချယ်ခြင်းမဟုတ်သဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဝန်ထမ်းများဖြင့် ၁-၅-၂၀၁၂ ရက်မှစ၍ မောင်ဘိဝလမ်းဂိတ်နှင့် ဥတိုတံတားဂိတ် ဖြတ်သန်းခအား လွှဲပြောင်းကောက်ခံလျက်ရှိသည်။

လမ်း/တံတားဖြတ်သန်းခ လုပ်ကိုင်ခွင့်ရရှိသူများသည် စာချုပ်ပါကောက်ခံနှုန်းထားထက် ပိုမိုကောက်ခံပါက လုပ်ကိုင်ခွင့်ရုပ်သိမ်းမည်ဖြစ်ကြောင်း သိရှိရသည်။

(ကြေးမုံ)

# မြစ်ကြီးနားခရိုင် ကုန်သည်/စက်မှု လက်မှုလုပ်ငန်းရှင်များ အသင်းရုံးသစ်ဖွင့်

**နေပြည်တော် မေ ၅**

မြစ်ကြီးနားခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ရုံးသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ ကမ်းနားလမ်းရှိ အဆိုပါ ရုံးသစ်ရှေ့၌ ကျင်းပရာ မြစ်ကြီးနားခရိုင် အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ထွန်း၊ မြစ်ကြီးနားခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းတို့က ရုံးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အသင်းဆိုင်းဘုတ်ကို အသင်းဥက္ကဋ္ဌ ဦးလှသန်းက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အောင်နိုင်သူ သမဝါယမအသင်းလီမိတက်ဆိုင်းဘုတ်တင်

**ရန်ကုန် မေ ၅**

အောင်နိုင်သူ စက်မှုလက်မှု၊ စိုက်ပျိုး မွေးမြူရေးနှင့် သယ်ယူပို့ဆောင်ရေး အထွေထွေကုန်ထုတ်လုပ်ငန်း သမဝါယမ အသင်းလီမိတက်၏ ဆိုင်းဘုတ်တင်ပွဲနှင့် ရုံးခန်းဖွင့်ပွဲအခမ်းအနားကို မေ ၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) ရပ်ကွက် သုမိတ္တာ (၁၈)လမ်း အမှတ် (၆၆၄) အသင်းရုံးတည်ရာ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဟန် တက်ရောက်၍ အသင်းဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါ အောင်နိုင်သူ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် သယ်ယူပို့ဆောင်ရေး အထွေထွေကုန်ထုတ်လုပ်ငန်း သမဝါယမအသင်းလီမိတက်ကို ဥက္ကဋ္ဌ သခင်သန်းတင် (ခေါ်) ဗိုလ်မှူးကြီး သန်းတင်(ငြိမ်း)က တာဝန်ယူဖွဲ့စည်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်စသည့် ပြည်နယ်များမှ တပ်မတော်မသန်မစွမ်း စီမံကိန်းဝင် အငြိမ်းစား စစ်သည်များနှင့် စီးပွားရေး ပညာရှင်များ ပါဝင်ဖွဲ့စည်းထားသည့် အသင်းဖြစ်၍ သမဝါယမဝန်ကြီး ဌာန၏ ဥပဒေများနှင့်အညီ စီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

အသင်း၏ ရည်ရွယ်ချက်မှာ တပ်မတော်အထူး မသန်မစွမ်း အငြိမ်းစား စစ်သည်မိသားစုများ၏ အလုပ်အကိုင် အခွင့်အလမ်းများနှင့် ဆင်းရဲမှုလျော့နည်း ပပျောက်စေရေးတို့အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(စောသိန်းဝင်း)

# ကချင်ပြည်နယ်၌ ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့က မိုင်းထောင်ဖောက်ခွဲမှုများ ဆက်တိုက်ပြုလုပ်လျက်ရှိ

**နေပြည်တော် မေ ၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ဇေဒင်နယ်မြေ(၄) ရွှေလမ်းမကြီးပေါ်ရှိ သံကူကွန်ကရစ် တံတားတစ်စင်း၏ ညာဘက်နှစ်ပေခန့်အကွာ၌ ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့က ယနေ့နံနက် ၆ နာရီခွဲခန့်တွင် မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း၊ မိုင်းပေါက်ကွဲသည့်နေရာအား ရဲတပ်ဖွဲ့ဝင်များ သွားရောက်ရှင်းလင်းနေစဉ် နံနက် ၇ နာရီခန့်တွင် မိုင်းပေါက်ကွဲသည့်နေရာမှ ပေ ၅၀ ခန့်အကွာ၌ မိုင်းတစ်လုံးထပ်မံပေါက်ကွဲခဲ့ကြောင်း၊ ထပ်မံပေါက်ကွဲသည့် မိုင်းကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အလားတူ မေ ၄ ရက် နံနက် ၈ နာရီခွဲခန့်တွင် မိုးမောက်-လွယ်ဂျယ်ကားလမ်း၌ ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့က မိုင်းခွဲတိုက်ခိုက်ခဲ့သဖြင့် ဆန်တင်ဆောင်လာသော ဟိုင်းလတ်ယာဉ်တစ်စီး မိုင်းစထိမှန် ပျက်စီးခဲ့ပြီး ယာဉ်မောင်း ဒဏ်ရာရရှိကာ ယာဉ်နောက်လိုက် သေဆုံးခဲ့ကြောင်း သိရသည်။

ထို့အပြင် ည ၇ နာရီ ၂၅ မိနစ်ခန့်တွင် နမ္မတီးမြို့အနီး မန္တလေး - မြစ်ကြီးနား ရထားလမ်း တံတားအမှတ် (၆၇၇/၀) အား မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် သံလမ်း၏ ဝဲဘက်သံပေါင် သုံးပေခန့် ပြတ်တောက်ခဲ့ပြီး ဇလီဖားတုံး လေးတုံးနှင့် တံတားကမ်းကပ်ခုံ တစ်ပေခန့် ပဲ့ထွက်သွားခဲ့ကြောင်း သိရသည်။

ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့အနေဖြင့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်အောင်၊ နယ်မြေလုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ အပြစ်မဲ့ပြည်သူများ ထိခိုက်သေကျေ ဒဏ်ရာရရှိမှုများ ဖြစ်ပွားအောင် ယခုကဲ့သို့ လမ်း၊ တံတားများ ဖောက်ခွဲဖျက်ဆီးခြင်း၊ ကျေးရွာများအတွင်း လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း၊ အပြစ်မဲ့ပြည်သူများ၊ ဝန်ထမ်းများအား ပစ်ခတ်သတ်ဖြတ်ခြင်း စသည်တို့ကို ကျူးလွန်လျက်ရှိရာ ပြည်သူလူထုက နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ငြိမ်းချမ်းရေးတည်ဆောက်နေသော ယခုကဲ့သို့ အချိန်အခါမျိုးတွင် အကြမ်းဖက် အဖျက်လုပ်ရပ်များကို ထပ်မံမပြုလုပ်ကြစေလိုကြောင်းနှင့် ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့ အပါအဝင် လက်နက်ကိုင်အဖွဲ့များအားလုံးအား ထာဝရငြိမ်းချမ်းရေးလမ်းကိုသာ လျှောက်စေလိုသည့် ဆန္ဒရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ်(၃၉-ဘီ) နေ ဦးအေးဝင်း - ဒေါ်အေးအေး မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ်သိန်း ၂၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။**

(သတင်းစဉ်)

# ဂျပန်နိုင်ငံတွင် နှစ်ပေါင်း ၄၀ ကျော်အတွင်း နျူကလီးယားစွမ်းအင်မှ လျှပ်စစ်ထုတ်လုပ်မှု ပထမဆုံးအကြိမ် ရပ်ဆိုင်း

**တိုကျို မေ ၅**

၂၀၁၁ ခုနှစ် မတ်လအတွင်းကဖြစ်ပွားခဲ့သည့် ဆူနာမီဘေးဒဏ်ကြောင့် ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံ ဓာတ်ပေါင်းဖိုများအတွင်း အပူချိန်မြင့်တက်၍ ပျက်စီးခဲ့သည့်နောက်ပိုင်း လုံခြုံစိတ်ချစွာ လည်ပတ်မောင်းနှင်နေသည့် ဂျပန်နိုင်ငံ၏ နောက်ဆုံးနျူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ် ပေါင်းဖိုကို မေ ၅ ရက်တွင် ပိတ်လိုက်ပြီဖြစ်ကြောင်း အင်တာနက် သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဟော့ကိုင်းဒိုးစီရင်စုတွင်တည်ရှိသည့် တိုမာရီ နျူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ တတိယမြောက် ဓာတ်ပေါင်းဖိုကို ပုံမှန်ထိန်းသိမ်းပြုပြင်မှုများ ပြုလုပ်ရန် ပိတ်သိမ်းလိုက်ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ယင်းဓာတ်ပေါင်းဖိုကို ပိတ်သိမ်းလိုက်ခြင်းသည် ဆယ်စုနှစ်လေးခုကျော်အတွင်း ဂျပန်နိုင်ငံ၌ နျူကလီးယားစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်ယူမှုကို ပထမဆုံးအကြိမ် ရပ်ဆိုင်းလိုက်ခြင်းလည်းဖြစ်သည်။

ယမန်နှစ်ထိတိုင်အောင် ဂျပန်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုပမာဏ ၃၀ ရာခိုင်နှုန်းမှာ နျူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားစက်ရုံများမှ ထုတ်ယူခဲ့ခြင်းဖြစ်သည်။

ဖူကူရှီးမားဓာတ်အားပေးစက်ရုံ သဘာဝဘေးအန္တရာယ်ထိခိုက်ခံစားရပြီးကတည်းကပင် ဂျပန်နိုင်ငံတစ်ဝန်းလုံးရှိ နျူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားစက်ရုံအားလုံးကို လည်ပတ်မှုရပ်ဆိုင်းကာ ပုံမှန်ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်လျက်ရှိသည်။

နျူကလီးယားစွမ်အင်သုံး ဓာတ်အားပေးစက်ရုံများအနေဖြင့် မြေငလျင်နှင့် ဆူနာမီဘေးအန္တရာယ် ခုခံနိုင်အားကို စမ်းသပ်မှုများပြုလုပ်နေပြီး ဒေသဆိုင်ရာအာဏာပိုင်များက စမ်းသပ်မှုများအပြီးတွင် စက်ရုံများ ပြန်လည်လည်ပတ်ရန် ခွင့်ပြုမိန့်များကို ပေးရမည်ဖြစ်သည်။သို့သော် ယခုအချိန်ထိ နျူစက်ရုံများ ပြန်လည်လည်ပတ်ရန် ခွင့်ပြုမှုများ မရှိသေးပေ။

ဂျပန်နိုင်ငံအနောက်ပိုင်းရှိ အိုဟီနျူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံမှ နျူဓာတ်ပေါင်းဖိုနှစ်လုံးမှာ လုံခြုံစိတ်ချရသည်ဟု ဂျပန်အစိုးရက ကြေညာခဲ့သော်လည်း ယင်းစက်ရုံများ ပြန်လည်လည်ပတ်နိုင်ရန် နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ စမ်းသပ်မှုများအား ကျော်ဖြတ်နိုင်ရန် လိုအပ်သည်။

ဒေသဆိုင်ရာ အာဏာပိုင်များအနေဖြင့် ယင်းဓာတ်အားပေးစက်ရုံ ပြန်လည်လည်ပတ်ရေးကို ခွင့်မပြုသေးပေ။

**အင်တာနက်။**



**ဂျပန်နိုင်ငံတွင် နောက်ဆုံးပိတ်သိမ်းခဲ့သည့် နျူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ကမ္ဘာတစ်ဝန်းလုံး၌ နှစ်စဉ်မွေးဖွားသည့် ကလေးဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော်မှာ အချိန်မတိုင်မီ မွေးဖွားသူများဖြစ်

**လန်ဒန် မေ ၅**

ကမ္ဘာတစ်ဝန်းလုံး၌ နှစ်စဉ်မွေးဖွားသည့် ကလေးဦးရေ၏ ၁၀ရာခိုင်နှုန်း သို့မဟုတ် ၁၅ သန်းခန့်မှာ ပုံမှန်မီးဖွားချိန်ထက်စောစွာ အချိန်မတိုင်မီ မွေးဖွားသူများဖြစ်ကြောင်း ကမ္ဘာလုံးဆိုင်ရာ စီမံချက်တစ်ခုက ပြောကြားသည်။

**သေဆုံး**

အချိန်မတိုင်မီ မွေးဖွားသည့် ကလေးဦးရေအနက် တစ်သန်းခန့်မှာ မွေးဖွားပြီးမကြာခင်မှာပင် သေဆုံးခဲ့ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)မှ ဦးဆောင်တင်သွင်းသည့် ပူးပေါင်းအစီရင်ခံစာတစ်ရပ်တွင် သေဆုံးသူ ကလေးဦးရေ၏ လေးပုံသုံးပုံကို အခြေခံပြုစုစောင့်ရှောက်မှုများဖြင့် အကာအကွယ်ပေးခဲ့ကြောင်း ဖော်ပြထားသည်။

နိုင်ငံအလိုက် အချိန်မတိုင်မီ ကလေးမွေးဖွားမှုနှုန်းကို ခန့်မှန်းတွက်ဆရာတွင် အာဖရိကတိုက်ရှိ နိုင်ငံများတွင် အမြင့်မားဆုံးဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံတွင် နှစ်စဉ် အချိန်မတိုင်မီမွေးဖွားသည့် ကလေးဦးရေမှာ ၆၀၀၀၀ ခန့်ရှိသည်။ ကမ္ဘာပေါ်ရှိနိုင်ငံပေါင်း ၁၁ နိုင်ငံတွင် အချိန်မတိုင်မီ ကလေးမွေးဖွားသည့် ဦးရေ ၁၅ ရာခိုင်နှုန်းအထက်တွင်ရှိနေပြီး ယင်းတို့အနက် နှစ်နိုင်ငံမှာ အာဖရိက ဆာဟာရဒေသမှဖြစ်သည်။

**အင်တာနက်။**

# ရေနံခိုးယူသူများကြောင့် နိုင်ဂျီးရီးယား ရေနံလျှော့ထုတ်ရ

**လေဂို့(စ်) မေ ၅**

နိုင်ဂျီးရီးယားနိုင်ငံတွင် ရေနံခိုးယူသူများ၏ လက်ချက်ကြောင့် ရေနံပိုက်လိုင်းများ ပျက်စီးသဖြင့် ရေနံထုတ်လုပ်မှု လျှော့ချမည်ဖြစ်ကြောင်း ရှဲလ်ကုမ္ပဏီက သောကြာနေ့တွင် ကြေညာသည်။

အကျိုးသက်ရောက်မှုအနေဖြင့် ကန်ထရိုက်စာချုပ်ပါ လိုက်နာရမည့် တာဝန်ဝတ္တရားများကို အပြည့်အဝဖြည့်ဆည်းပေးနိုင်မည်မဟုတ်ကြောင်းလည်း သတိပေးသည်။

ရေနံပိုက်လိုင်းများကိုပြင်ဆင်ရမည်ဖြစ်၍ လုပ်ငန်းရပ်နားထားရမည်ဖြစ်ရာ တစ်ရက်လျှင် ရေနံစည်ပေါင်း ၆၀၀၀၀ လျော့နည်းမည်ဟု ဆိုသည်။

ရေနံပိုက်လိုင်းများ ပြင်ဆင်မှုလုပ်ငန်းသည် မည်သည့်နေ့ရက်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း ရှဲလ်က ထုတ်ဖော် ပြောဆိုခြင်း မပြုပေ။ **အင်တာနက်။**



# ထုတ်လုပ်မှုကျဆင်း၍ အိန္ဒိယရေနံကုမ္ပဏီအား ဒေါ်လာ ၁ ဒသမ ၂၅ ဘီလီယံ ဒဏ်ရိုက်

**နယူးဒေလီ မေ ၅**

အိန္ဒိယအစိုးရက အင်အားကြီးစွမ်းအင်ကုမ္ပဏီ "ရီလိုင်းယင့်အင်ဒတ်(စ်)ထရီ"ကို ၎င်း၏ အဓိကရေနံလုပ်ကွက်မှ ဓာတ်ငွေ့ထုတ်လုပ်မှု လျော့နည်းလာသည့်အတွက် ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅ ဘီလီယံ ပေးဆောင်စေရန် ညွှန်ကြားခဲ့ကြောင်း ကုမ္ပဏီ၏ အမှုဆောင်အရာရှိတစ်ဦးက သောကြာနေ့တွင် ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းလွန် ကရစ်ရှနား-ဂိုဒါဗာရီ မြစ်ဝှမ်းရှိ ဒီ-၆ ရေနံလုပ်ကွက်မှ ရီလိုင်းယင့်၏ ဓာတ်ငွေ့ထုတ်လုပ်မှု ကျဆင်းလာခြင်းအပေါ် အစိုးရနှင့် ရင်းနှီးမြှုပ်နှံသူများက လပေါင်းများစွာ စိုးရိမ်ပူပန်ခဲ့ကြသည်။

အစိုးရထံမှ အကြောင်းကြားစာတစ်စောင်ရရှိခဲ့ကြောင်း၊ ပြန်လည်အကြောင်းပြန်ကြားရမည်ဖြစ်ကြောင်း အမည်မဖော်လိုသူ အမှုဆောင်တစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

ရီလိုင်းယင့်သည် ၎င်း၏တာဝန်ဝတ္တရားများကို အပြည့်အဝ လိုက်နာရန်ပျက်ကွက်ကြောင်း၊ တမင်သက်သက် ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ သို့အတွက် အစိုးရနှင့် အိန္ဒိယပြည်သူများကို ကြီးမားစွာ ဆုံးရှုံးနစ်နာစေကြောင်း ရေနံဝန်ကြီးဌာနက ၎င်းကုမ္ပဏီကို သတိပေးခဲ့သည်ဟု အိန္ဒိယမီဒီယာများက ဖော်ပြကြသည်။

ရီလိုင်းယင့်အား ၎င်း၏ ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်များကို ဓာတ်ငွေ့ရောင်းရငွေမှ ပြန်လည်ရယူရန် ခွင့်ပြုမည်မဟုတ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ယင်းကုမ္ပဏီသည် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၅၇ သန်းနှင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၇၈ သန်း ရင်းနှီးမြှုပ်နှံခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ရေနံရှာဖွေရေးမူဝါဒတွင် ပထမပိုင်းအနေဖြင့် ကုမ္ပဏီများ၏ ရေနံနှင့်ဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်မှုကုန်ကျစရိတ်များအား ရေနံနှင့်ဓာတ်ငွေ့အတွက် ရရှိသောအခွန်ငွေများမှ ပြန်လည်ရယူရန် အစိုးရကခွင့်ပြုပြီးနောက်ပိုင်း၌ အမြတ်ငွေများကို အစိုးရနှင့် ခွဲဝေယူရန်သတ်မှတ်ထားသည်။

သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုသည် ယမန်နှစ်ထုတ်လုပ်မှုနှင့်ယှဉ်လျှင် ၂၃ ဒသမ ၅ ရာခိုင်နှုန်းကျဆင်း၍ ၅၅၁ ဒသမ ၃၁ ဘီလီယံကုဗပေဖြစ်သည်။

**အင်တာနက်။**



**ရီလိုင်းယင့် စွမ်းအင်ကုမ္ပဏီ၏ ကမ်းလွန်ရေနံတူးစင်တစ်စင်ကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# နီပေါနိုင်ငံအနောက်ပိုင်းတွင် ရေအကြီးအကျယ်လွှမ်းမိုး လူလေးဦး သေဆုံးပြီး ၅၀ ကျော် ပျောက်ဆုံးနေ

**ခတ္တမန္ဒူ မေ ၅**

မေ ၅ ရက် နံနက်ပိုင်းက နီပေါနိုင်ငံအနောက်ပိုင်းရှိ စီတီမြစ်အတွင်းသို့ အန်နာပါနာတောင်ကုန်းပေါ်မှ ရေများ အလုံးအရင်းဖြင့် ကျဆင်းပြီးနောက် မြစ်ရေလျှံကာ ရေလွှမ်းမိုးမှုဖြစ်ပေါ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဖြစ်စဉ်ကြောင့် လူလေးဦးသေဆုံးပြီး ရုရှားလူမျိုး ကမ္ဘာလှည့်ခရီးသည်သုံးဦး အပါအဝင် လူ ၅၀ ကျော် ပျောက်ဆုံးလျက်ရှိကြောင်း ဒေသတွင်းသတင်းများ၌ ဖော်ပြသည်။

ထုထည်ကြီးမားသော ရေလုံးကြီးကြောင့် ကုန်တင်ကားငါးစီး၊ တံတားများ၊ ဒါဇင်ချီသော လူနေအိမ်များ၊ သစ်ပင်များ ရေစီးနှင့်မျောပါခဲ့ကြောင်း၊ လယ်ယာစိုက်ခင်းများ ရေလွှမ်းမိုးခဲ့ရကြောင်း၊ ကာရာဖန်နီဒေသတွင် ပျော်ပွဲစားခရီးထွက်လာသော ကျောင်းသားများစီးနင်းလိုက်ပါလာသည့် ဘတ်စ်ကားနှစ်စီး ရေစီးနှင့်မျောပါသွားကြောင်း သတင်းတွင်ပါရှိသည်။

နီပေါစစ်ဘက်နှင့် နီပေါရဲတပ်ဖွဲ့ဝင်များ ရေလွှမ်းမိုးမှုဒဏ်ခံစားရသော နေရာများသို့ ရောက်ရှိလာကာ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ကြောင်း သတင်း၌ဖော်ပြသည်။

**ဆင်ဟွာ။**

**နီပေါနိုင်ငံ အနောက်ပိုင်း၌ ရေလွှမ်းမိုးမှု ဖြစ်ပွားနေစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



# ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဝါဇီရစ္စတန်ဒေသ၌ မောင်းသူမဲ့လေယာဉ်ဖြင့်တိုက်ခိုက်၍ ၁၀ ဦးထက်မနည်း သေဆုံး

**အစ္စလာမ္မာဘတ် မေ ၅**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ မျိုးနွယ်စုဝင်များနေထိုင်ရာ မြောက်ဝါဇီရစ္စတန်ဒေသတွင် မေ ၅ ရက် နံနက်ပိုင်းက အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရကြောင်း၊ လူ ၁၀ ဦးထက်မနည်း သေဆုံး၍ တစ်ဦးဒဏ်ရာရရှိကြောင်း ဒေသခံရုပ်မြင်သံကြား ချယ်နယ်အိပ်ပ်စ်ပရက်စ်မှ ထုတ်လွှင့်သည်။

အာဖဂန်နစ္စတန်နိုင်ငံနယ်စပ် မြောက်ဝါဇီရစ္စတန်ဒေသ ဒါရိန်းနက်ရှ်တာတွင် တာလီဘန်စစ်သွေးကြွများ ပုန်းအောင်းနေထိုင်သည်ဟု ယူဆရသော နေအိမ်တစ်လုံးကို အမေရိကန်မောင်းသူမဲ့လေယာဉ်က ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်ခြင်းဖြစ်ကြောင်း ဒေသတွင်းသတင်းများတွင် ဖော်ပြသည်။

တိုက်ခိုက်မှုဖြစ်ပွားပြီးသော်လည်း အမေရိကန်လေယာဉ်လေးစင်းက ကောင်းကင်ယံတွင် ဆက်လက် ပျံသန်းနေသဖြင့် အခင်းဖြစ်နေရာတွင် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရန် ကြန့်ကြာခဲ့ရကြောင်း ဒေသခံသတင်းများက ရေးသားဖော်ပြသည်။

ယခုနှစ်အတွင်း ယင်းတိုက်ခိုက်မှုသည် ၁၂ ကြိမ်မြောက်ဖြစ်ပြီး စုစုပေါင်း လူ ၉၃ ဦးထက်မနည်း သေဆုံးခဲ့ရပြီးဖြစ်သည်။

**ဆင်ဟွာ။**

# အိုလံပစ်ပွဲတော် ကြော်ငြာထုတ်လွှင့်မှုဝန်ချတောင်းပန်ရန် အာဂျင်တီးနားအား ဗြိတိန် တောင်းဆို

လန်ဒန် မေ ၅

အာဂျင်တီးနားနိုင်ငံသည် မကြာမီကျင်းပတော့မည့် ၂၀၁၂ လန်ဒန်အိုလံပစ်ပွဲတော်ကို အကြောင်းပြု၍ နိုင်ငံရေးအမြတ်ထုတ်နေကြောင်း ဗြိတိန်နိုင်ငံက စွပ်စွဲခဲ့ပြီး ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝန်ချတောင်းပန်ရန် မေ ၄ ရက်က တောင်းဆိုခဲ့ကြောင်း သိရသည်။

အာဂျင်တီးနားနိုင်ငံ၏ အိုလံပစ်ပွဲတော်ဆိုင်ရာ ရုပ်သံကြော်ငြာတစ်ခုတွင် နှစ်နိုင်ငံအကြားပိုင်ဆိုင်ခွင့် အငြင်းပွားလျက်ရှိသော ဖော့ကလန်ကျွန်းစုကို ၎င်းတို့သာ ပိုင်ဆိုင်သည့်အနေဖြင့် ရိုက်ကူးတင်ဆက်ထားကြောင်း ဗြိတိန်နိုင်ငံက စွပ်စွဲထားသည်။

ဖော့ကလန်ကျွန်းစုစစ်ပွဲအတွင်း ကျဆုံးခဲ့သော ဗြိတိသျှတပ်ဖွဲ့ဝင်များအတွက် တည်ဆောက်ပေးခဲ့သည့် အထိမ်းအမှတ်ကျောက်တိုင် လေ့ကျင့်ခန်းထစ်များပေါ်တွင် အာဂျင်တီးနားဟော်ကီကစားသမားတစ်ဦး လေ့ကျင့်မှုပြုလုပ်နေသည်ကို အဆိုပါကြော်ငြာ၌ ရိုက်ကူးပြသထားသည်။

ပြင်ဆင်ဆဲ လန်ဒန်အိုလံပစ်ပွဲတော်နှင့် အချိန်ကိုက်ထုတ်လွှင့်ခဲ့သော စက္ကန့် ၉၀ ကြာ အဆိုပါကြော်ငြာကို "အင်္ဂလန်မြေပေါ်မှာယှဉ်ပြိုင်ဖို့ အာဂျင်တီးနားမြေပေါ်တွင် ကျွန်ုပ်တို့ လေ့ကျင့်နေသည်" ဟူသော ကြွေးကြော်သံဖြင့် အဆုံးသတ်ထားကြောင်း သိရသည်။

အာဂျင်တီးနားနိုင်ငံ၏ အိုလံပစ်ပွဲတော်ဆိုင်ရာ ရုပ်သံကြော်ငြာကို ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဖီးလစ်ဟမ်းမွန်က ပြင်းပြင်းထန်ထန်ရှုတ်ချခဲ့ပြီး ယင်းကြော်ငြာနှင့် ပတ်သက်၍ စစ်ဆေးမှုများလုပ်ဆောင်ပေးရန် နိုင်ငံတကာအိုလံပစ်ကော်မတီ (အိုင်အိုစီ)ကို တောင်းဆိုခဲ့သည်။

ယင်းကြော်ငြာသည် အိုလံပစ်ပွဲတော်၏ အခြေခံစည်းမျဉ်းများအနက် တစ်ခုဖြစ်သော နိုင်ငံရေးနှင့် အားကစား ရောထွေးခြင်းမပြုရဆိုသည့် စည်းမျဉ်းကို ဖောက်ဖျက်ရာရောက်သည်ဟု မိမိထင်မြင်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

တောင်အတ္တလန္တိတ်ဒေသ ရေပြင်အတွင်းရှိ ဖော့ကလန်ကျွန်းစုအား ပိုင်ဆိုင်ခွင့်ရရေးနှင့်ပတ်သက်၍ ဗြိတိန်နှင့် အာဂျင်တီးနားတို့သည် ၁၉၈၂ ခုနှစ်က ရေတိုစစ်ပွဲတစ်ရပ်ဆင်နွှဲခဲ့ရာ ဗြိတိန်က အနိုင်ရခဲ့သည်။ ***အင်တာနက်။***



# မြောက်ကိုရီးယားရေငုပ်သင်္ဘောများ တောင်ကိုရီးယားရေဒါမြင်ကွင်းမှ ကွယ်ပျောက်နေ

ဆိုးလ် မေ ၅

အထူးစစ်ဆင်ရေးများဖြင့် တောင်ကိုရီးယားနိုင်ငံကို ထိုးနှက်သွားမည်ဖြစ်ကြောင်း ခြိမ်းခြောက်ထားပြီးနောက် မြောက်ကိုရီးယားနိုင်ငံ အရှေ့ပင်လယ်ရေတပ်အုပ်စုမှ ရေငုပ်သင်္ဘောများသည် ရေဒါမြင်ကွင်းမှ ကွယ်ပျောက်နေကြောင်း တောင်ကိုရီးယားအစိုးရ ထိပ်တန်းတာဝန်ရှိသူတစ်ဦး၏ အဆိုအား ကိုးကား၍ မေ ၃ ရက်သတင်းများတွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားအရှေ့ပင်လယ်ရေတပ်မှ ရေငုပ်သင်္ဘောရှစ်စင်းမှ ကိုးစင်းအထိသည် ရေဒါထောက်လှမ်းမှုမှ ပျောက်ကွယ်လျက်ရှိပြီး စစ်ရေးလေ့ကျင့်မှု သို့မဟုတ် စစ်ဆင်ရေးတစ်ရပ်ကို ယင်းရေငုပ်သင်္ဘောများက လုပ်ဆောင်နေခြင်း ရှိ၊ မရှိ သုံးသပ်လျက်ရှိကြောင်း တောင်ကိုရီးယား တာဝန်ရှိသူတစ်ဦးက ဂျုံအန်းအီဘိုသတင်းစာသို့ ဧပြီ ၃၀ ရက်က ပြောကြားခဲ့သည်။

သို့ရာတွင် ရေဒါမြင်ကွင်းမှ ပျောက်ဆုံးနေသော မြောက်ကိုရီးယားရေငုပ်သင်္ဘောများသည် တောင်ကိုရီးယားရေပြင်ပိုင်နက်အတွင်း ထိုးဖောက်ဝင်ရောက်နိုင်လောက်အောင် အရွယ်အစားသေးငယ်သည့် ရေငုပ်သင်္ဘောများမဟုတ်ဘဲ အလယ်အလတ်အရွယ်အစားရှိ တိုက်ပွဲဝင်ရေငုပ်သင်္ဘောများသာဖြစ်ကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ဆိုသည်။

၁၉၉၆ ခုနှစ်က မြောက်ကိုရီးယားနိုင်ငံသည် တောင်ကိုရီးယားနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းဒေသသို့ သူလျှိုရေငုပ်သင်္ဘောတစ်စင်းစေလွှတ်ကာ တောင်ကိုရီးယားရေတပ်စခန်းတစ်ခုနှင့် ပတ်သက်၍ သတင်းအချက်အလက်ရယူရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်ခဲ့ခြင်းမရှိပေ။ ***အင်တာနက်။***

# ဥရောပဒုံးကျည်ကာကွယ်ရေးစနစ်ကို လက်ဦးမှုယူချေမှုန်းရန် ဆုံးဖြတ်ရဖွယ်ရှိကြောင်း ရုရှားနိုင်ငံက ပြောကြား



ဥရောပဒုံးကျည်ကာကွယ်ရေးစနစ်အတွင်းအပါအဝင်ဖြစ်သော အေးဂျစ်အမျိုးအစားဒုံးခွင်းဒုံးစနစ် တပ်ဆင်ထားသည့် အမေရိကန်ရေတပ်စစ်သင်္ဘောတစ်စင်းကို တွေ့ရစဉ်။

မော်စကို မေ ၅

အမေရိကန်ပြည်ထောင်စုနှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)တို့က စီစဉ်ထားသည့်အတိုင်း ဥရောပဒုံးကျည်ကာကွယ်ရေးစနစ်တည်ဆောက်မှုကို ဆက်လက်အကောင်အထည်ဖော်မည်ဆိုပါက ရုရှားနိုင်ငံအနေဖြင့် ယင်းဒုံးကျည်ကာကွယ်ရေးစနစ်များအား လက်ဦးမှုယူတိုက်ခိုက်ချေမှုန်းရန် သုံးသပ်ရဖွယ်ရှိကြောင်း ရုရှားစစ်ဦးစီးချုပ် နီကိုလိုင်မာကာရော့ဗ်က မေ ၃ ရက်တွင် ပြောကြားခဲ့သည်။

ဥရောပဒုံးကျည်ကာကွယ်ရေးစနစ်နှင့်ပတ်သက်၍ နှစ်ဦးနှစ်ဖက်အကြား မကျေလည်မှုများ ပိုမိုဆိုးရွားလာပါက ယင်းဒုံးကျည်စနစ်ကို လက်ဦးမှုရယူချေမှုန်းရန် ဆုံးဖြတ်ချက်ချရတော့မည်ဖြစ်ကြောင်း မော်စကိုမြို့၌ ကျင်းပသည့် နိုင်ငံတကာ ညီလာခံတစ်ခုတွင် ရုရှားစစ်ဦးစီးချုပ်က ပြောကြားခဲ့သည်။

ဒုံးကျည်ကာကွယ်ရေးစနစ်နှင့် စပ်လျဉ်း၍ ရုရှားနှင့် အမေရိကန်တို့အကြား ဆွေးနွေးညှိနှိုင်းမှုများသည် အကျိုးရလဒ်တစ်စုံတစ်ရာမရှိဘဲ အဆုံးသတ်လုနီးပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး အနာတိုလီဆာဒီးကော့ဗ်က ပြောကြားခဲ့ပြီးနောက် ရုရှားစစ်ဦးစီးချုပ်၏သဘောထား ထွက်ပေါ်လာခြင်းဖြစ်သည်။

ရုရှားနိုင်ငံ၏ စိုးရိမ်ပူပန်မှုများအား ထည့်သွင်းစဉ်းစားထားခြင်းမရှိဘဲ အမေရိကန်ပြည်ထောင်စုနှင့် နေတိုးအဖွဲ့တို့သည် ဒုံးကျည်ကာကွယ်ရေးစနစ်ကို အကောင်အထည်ဖော်ရန် ရည်ရွယ်နေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

သို့ရာတွင် ဥရောပဒုံးကျည်ကာကွယ်ရေးစနစ်ကို တည်ဆောက်ခြင်းဖြင့် တစ်ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာတည်ငြိမ်မှု ယိုယွင်းပျက်ပြားစေရန် ဆန္ဒမရှိကြောင်း နေတိုးအဖွဲ့ လက်ထောက်အတွင်းရေးမှူးချုပ်က ပြောကြားခဲ့သည်။ ***အင်တာနက်။***

# နောက်ဆုံးအဖြစ်သုံးစွဲမည့် အကြွေစေ့များ ကနေဒါတွင် ထုတ်လုပ်

အော့တဝါ မေ ၅

ကနေဒါနိုင်ငံ၏ ငွေကြေးစနစ်အတွင်း နောက်ဆုံးအနေဖြင့် အသုံးပြုမည့် တစ်ဆင့်တန် အကြွေစေ့များကို မင်နီတိုဘာပြည်နယ် ဝင်နီပက်မြို့ရှိ ကနေဒါဘုရင့် ဒင်္ဂါးစက်ရုံ၌ စတင်သွန်းလောင်းထုတ်လုပ်နေပြီဖြစ်ကြောင်း မေ ၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

နှစ်ပေါင်း ၁၀၀ ကျော်ကြာ သုံးစွဲခဲ့သော အဆိုပါ တစ်ဆင့်တန် အကြွေစေ့များကို ကနေဒါ ဖက်ဒရယ် ဘတ်ဂျက်အသုံးစရိတ်အတွင်းမှ ယခုနှစ် မတ်လအတွင်း စတင်ဖယ်ထုတ်ခဲ့ပြီး ငွေကြေးစနစ်အတွင်း လည်ပတ်သုံးစွဲမှုကို နိုဝင်ဘာလ၌ စတင်ရပ်ဆိုင်းမည်ဖြစ်ကြောင်း ကနေဒါ အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တစ်ဆင့်တန် အကြွေစေ့တစ်စေ့ သွန်းလောင်းရန်အတွက် ကုန်ကျစရိတ် ၁ ဒသမ ၆ ဆင့်ရှိပြီး ယင်းအကြွေစေ့များ ထုတ်လုပ်ရန် နှစ်စဉ် အမေရိကန်ဒေါ်လာ စုစုပေါင်း ၁၁ သန်း ကုန်ကျလေ့ရှိရာ ထမ်းပိုးထက် လက်ခ ပိုများနေရကြောင်း သိရသည်။

တစ်ဆင့်တန် ဒင်္ဂါးပြားများ**(အောက်ပုံ)** သုံးစွဲမှုအား ရပ်ဆိုင်းခြင်းဖြင့် အမေရိကန်ဒေါ်လာ ၁၁ သန်းကို နှစ်စဉ် ချွေတာနိုင်မည်ဖြစ်ကြောင်း ကနေဒါ ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း ကနေဒါဘုရင့်ဒင်္ဂါးထုတ်လုပ်ရေးစက်ရုံသည် တစ်ဆင့်တန် ဒင်္ဂါးပြား တန်ချိန် ၇၀၀၀ ကို နှစ်စဉ် ထုတ်ဝေပေးခဲ့သည်။ ***အင်တာနက်။***





အိန္ဒိယလေတပ်၏ အမ်အိုင်ဂျီ အမျိုးအစားတိုက်လေယာဉ်တစ်စင်း။

# နှစ် ၃၀ အတွင်း အိန္ဒိယလေတပ်၏ အမ်အိုင်ဂျီတိုက်လေယာဉ် ၄၈၂ စင်း ပျက်ကျခဲ့

နယူးဒေလီ မေ ၅

**အိန္ဒိယလေတပ်၌ အသုံးပြုလျက်ရှိသော သက်တမ်းရင့်ရော်နေပြီဖြစ်သည့် ဆိုဗီယက်ခေတ် အမ်အိုင်ဂျီတိုက်လေယာဉ်များသည် နှစ်ပေါင်း ၃၀ ကာလအတွင်း လေကြောင်းမတော်တဆမှုပေါင်း ၄၈၂ ကြိမ်ဖြစ်ပွားခဲ့ပြီး လေယာဉ်မှူး ၁၇၁ ဦးနှင့် အရပ်သား ၃၉ ဦးသေဆုံးခဲ့ရကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီး အေကေအန်တိုနီက မေ ၃ ရက်တွင် ပြောကြားခဲ့သည်။**

အိန္ဒိယလေတပ်သည် ၁၉၈၀ ခုနှစ်ထိတိုင်အောင် အမ်အိုင်ဂျီ အမျိုးအစားတိုက်လေယာဉ် ၈၇၃ စင်း ဝယ်ယူသုံးစွဲခဲ့ပြီး ယင်းလေယာဉ်များကို ပျံသန်းနေသော ခေါင်းတလားများဟူ၍ လေတပ်အဝန်းအဝိုင်းက အမည်ပေးထားသည်။

အိန္ဒိယလေတပ်သုံး အမ်အိုင်ဂျီတိုက်လေယာဉ် အမျိုးအစားများအနက် လေကြောင်းမတော်တဆမှု အဖြစ်များဆုံးလေယာဉ်များမှာ အမ်အိုင်ဂျီ-၂၁ အင်ဂျင်တစ်လုံးတပ် တိုက်လေယာဉ်များဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

အမ်အိုင်ဂျီ-၂၁ အင်ဂျင်တစ်လုံးတပ် ကြားဖြတ်တိုက်လေယာဉ်များကို ဆိုဗီယက်ပြည်ထောင်စုက ၁၉၅၀ ခုနှစ်တွင် စတင်ထုတ်လုပ်ခဲ့ပြီး နိုင်ငံပေါင်း ၅၀ ခန့်က အသုံးပြုခဲ့ကြသည်။

အမ်အိုင်ဂျီ-၂၁ တိုက်လေယာဉ်များ လေကြောင်းမတော်တဆမှုဖြစ်ပွားရခြင်း၏ အဓိကအကြောင်းတရားများမှာ လူ့ပယောဂနှင့် နည်းပညာပိုင်းဆိုင်ရာ ချွတ်ယွင်းချက်များကြောင့်ဖြစ်ပြီး ၁၉၇၁-၁၉၇၂ ခုနှစ်များမှသည် ယခုနှစ် ဧပြီ ၁၉ ရက်အထိ ယင်းလေယာဉ်များ ပျက်ကျမှုကြောင့် လေယာဉ်မှူး ၁၇၁ ဦး၊ အရပ်သား ၃၉ ဦး၊ လေတပ် တပ်ဖွဲ့ဝင် ရှစ်ဦးနှင့် လေယာဉ်အမှုထမ်းတစ်ဦး အသက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အိန္ဒိယလေတပ်သည် သက်တမ်းရင့်ရော်နေပြီဖြစ်သည့် အမ်အိုင်ဂျီတိုက်လေယာဉ်များနေရာတွင် ပြင်သစ်နိုင်ငံ ဒက်ဆော့ဖ်လေကြောင်းကုမ္ပဏီထုတ် ရာဖေးခေတ်မီတိုက်လေယာဉ် ၁၂၃ စင်းဖြင့် အစားထိုးအသုံးပြုရန် စီစဉ်ထားသည်။ ***အင်တာနက်။***

# ဆီအာရာနီဗားဒါးတောင်တန်း မြေသားမြင့်တက်မှု မြန်ဆန်လာ

ရီနို မေ ၅

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်မှ ဆီအာရာနီဗားဒါးတောင်တန်းဒေသသည် အတော်အသင့်မြန်ဆန်သောနှုန်းထားဖြင့် နှစ်စဉ် မြေသားမြင့်တက်လာလျက်ရှိကြောင်း သိပ္ပံပညာရှင်များက မေ ၄ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ၏ အမြင့်ဆုံးတောင်ထိပ်များတွင် ပါဝင်သော အမြင့်ပေ ၁၄၀၀၀ ရှိ မောင့်ဝှစ်တနေတောင်ထိပ်မှသည် တာဟိုးရေကန်အနီး အမြင့်ပေ ၁၀၀၀၀ အထိရှိ တောင်ထိပ်များအထိ ပါဝင်သည့် ဆီအာရာနီဗားဒါးတောင်တန်းသည် တစ်နှစ်လျှင် တစ်မီလီမီတာမှ နှစ်မီလီမီတာအထိ မြင့်တက်လျက်ရှိကြောင်း သိပ္ပံပညာရှင်များ၏ လေ့လာချက်အရ သိရသည်။

ကိန်းဂဏန်းပမာဏအရ သေးငယ်သယောင်ရှိသော်လည်း ယင်းကိန်းဂဏန်းများအား ထောက်ရှုခြင်းအားဖြင့် ယနေ့ခေတ် တွေ့မြင်ရသော ဆီအာရာနီဗားဒါးတောင်တန်းဒေသသည် လွန်ခဲ့သည့် နှစ်ပေါင်းသုံးသန်းခန့်က စတင်ဖြစ်ပေါ်လာသည်ဟု မှန်းဆနိုင်ကြောင်း နီဗားဒါးတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ကာလီဖိုးနီးယားနှင့် နီဗားဒါးပြည်နယ်များအတွင်း တည်ရှိနေသော ဆီအာရာနီဗားဒါးတောင်တန်း၏ သက်တမ်းနှင့် ပတ်သက်၍ အငြင်းပွားမှုများအား ဖြေရှင်းရာတွင် ယခုတွေ့ရှိချက်က အထောက်အကူပြုနိုင်ဖွယ်ရှိသည်။ ***အင်တာနက်။***



# မိုးပျံပူဖောင်းများ ပေါက်ကွဲမှုကြောင့် အာမေးနီးယားနိုင်ငံသား ၁၀၀ ကျော် ဒဏ်ရာရ

ဟာရီဗင် မေ ၅

အာမေးနီးယားနိုင်ငံ ဟာရီဗင်မြို့တော် ဗဟိုရင်ပြင်တွင် မေ ၄ ရက်က ဓာတ်ငွေ့ဖြည့်တင်းထားသော မိုးပျံပူဖောင်းများ ပေါက်ကွဲခဲ့ရာ လူရာနှင့်ချီ၍ ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ပူဖောင်းများ ပေါက်ကွဲမှုကြောင့် မီးလောင်ဒဏ်ရာများရခဲ့သူ လူပေါင်း ၁၀၄ ဦးကို ဆေးရုံသို့ တင်ပို့ထားခဲ့ရကြောင်း အာမေးနီးယား အရေးပေါ်ပြဿနာများဆိုင်ရာဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဆေးလိပ်သောက်သူတစ်ဦးက နမော်နမဲ့ဖြင့် ပူဖောင်းများအနီး စီးကရက်မီးညှိရာမှ အစပြု၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဓာတ်ငွေ့ဖြည့် ပူဖောင်းများ ပေါက်ကွဲမှုကြောင့် ဒဏ်ရာရခဲ့သူများအနက် မည်သူတစ်ဦးတစ်ယောက်မျှ အသက်အန္တရာယ် စိုးရိမ်ရခြင်းမရှိကြောင်း အာမေးနီးယား ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ပြည်သူထောင်ပေါင်းများစွာ တက်ရောက်လာခဲ့သည့် အာမေးနီးယား ရီပတ်ဘလီကန်ပါတီ၏ လူထုစည်းဝေးပွဲတစ်ခု၌ ယင်းပူဖောင်းများအား လွှတ်တင်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ ***အင်တာနက်။***

## မပြောမပြီး မတီးမမြည်

# ဒီမိုကရေစီ ရှေ့ခရီးနှင့် အချောင်သမားများ

ကျွန်တော် စီးနင်းမည့် အမှတ်(၄၈) မီနီဘတ်စ်တစ်စီး မဟာဗန္ဓုလပန်းခြံသို့ ထိုးဆိုက်လာသည်။

" အို--ဟဲ့--ဖြည်းဖြည်းတက်ကြပါ"

"အတင်းမတိုးကြပါနဲ့"

အသက်(၇၀) ကျော်ခန့် အမယ်အိုကြီး၊ ကိုယ်ဝန်ဆောင် အမျိုးသမီးကြီး အပါအဝင် ဘတ်စ်ကားပေါ်သို့ တိုးဝှေ့တက်နေကြသူတို့၏ ရေရွတ်နေသံများ ဖြစ်ပါသည်။

ထိုသူများနည်းတူ ကျွန်တော်လည်း ကားပေါ်ရောက်အောင် တိုးဝှေ့တက်နေရသည်။ ကံအားလျော်စွာ ကျပ်ညပ်ပါသွားရင်းဘတ်စ်ကားပေါ်သို့ ရောက်သွားသော်လည်း ကားပေါ်ရှိ ထိုင်ခုံနေရာများတွင် ဂိတ်ရင်းမရောက်မီ မှတ်တိုင်များမှ ကြိုတင်တက်ရောက် နေရာယူထားကြသည့် ပတ်စီးခရီးသည်အချို့နှင့် ခရီးသည် မရှိဘဲ ထိုင်ခုံလွတ်ပေါ်တွင် နေရာယူထားကြသည့် လွယ်အိတ်၊ ထမင်းချိုင့်၊ ထီးစသည့် အရာဝတ္ထုပစ္စည်းများ ပြည့်နှင့်နေပြီ ဖြစ်သဖြင့် ကျွန်တော်အပါအဝင် ကြိုးစားပမ်းစား တိုးဝှေ့တက်ရောက်လာကြသူအချို့ သက်ပြင်းမောများ ပြိုင်တူချကာ မတ်တတ်ရပ်စီးဘဝကို လက်ခံသူကခံ၊ လက်မခံနိုင်သူက ပြန်ဆင်းကြရတော့သည်။ ထိုအခါမှ လွယ်အိတ်၊ ထမင်းချိုင့်၊ ထီးအစရှိသည့် အရာဝတ္ထုပစ္စည်းများကို ယာဉ်ပြတင်းပေါက်မှ တစ်ဆင့် ကြိုတင်ပစ်သွင်းနေရာဦးထားကြသည့်သူများက အေးအေးလူလူ ဘတ်စ်ကားပေါ်သို့ တက်ရောက်၍ ထိုင်ခုံနေရာအသီးသီးတွင် အခန့်သား နေရာယူကြပါတော့သည်။

အင်းစိန်ဈေးရှေ့မှ မြို့တွင်းသို့ အလုပ်ဆင်းရသည့် ကျွန်တော်သည် နိစ္စဓူဝ ဘတ်စ်ကားနှင့် ခရီးသွားရသည်ဖြစ်ရာ နာရီဝက်ကျော် ကားစီးရမည့်ခရီးကို ထိုင်ခုံနေရာရစေရန် ပေါက်တောဝဂိတ်ရင်းမှ တိုးဝှေ့တက်ရောက်နေရာယူလျှင်ယူ သို့မဟုတ် ငွေအပိုကုန်ကျခံပြီး ဂိတ်ရင်းသို့ ကားပတ်စီးကာ ထိုင်ခုံနေရာယူရသည်။ သို့မှသာ ခြေသလုံးညောင်း သက်သာ၍ သက်သောင့်သက်သာ ရှိပေမည်။ သို့သော် မိမိခုံဘေးသို့ ဘုန်းကြီး၊ သီလရှင်၊ ကိုယ်ဝန်ဆောင် အမျိုးသမီး၊ သက်ကြီးရွယ်အိုများ ရောက်လာလျှင်မူ ကျွန်တော့်ထိုင်ခုံနေရာကို ဖယ်ပေးလေ့ရှိပါသည်။ (ဒါကတော့ ကျွန်တော်ဆုံးဖြတ်သတ်မှတ်ထားသည့် ကျွန်တော့်၏မူ ဖြစ်သည်။) ထိုသူများမှ လွဲ၍ မည်သူ့ကိုမျှ ဖယ်မပေးပါ။

ယနေ့လည်း မြို့အတွင်းမှ အင်းစိန်သို့အပြန် မဟာဗန္ဓုလပန်းခြံရှိ အမှတ်(၄၈) ဘတ်စ်ကားဂိတ်တွင် ထိုင်ခုံနေရာရရှိရေးအတွက် ဆိုက်ရောက်လာသော ဘတ်စ်ကားပေါ်သို့ အခြားခရီးသည်များနှင့်အတူ ကျွန်တော်လည်း တိုးဝှေ့တက်ရောက်နေခြင်း ဖြစ်ပါသည်။ သို့သော် ကြိုတင်နေရာဦးထားသော လွယ်အိတ်၊ ထမင်းချိုင့်၊ ထီးများကြောင့် အောင့်သက်သက်နှင့် ကားပေါ်မှ ပြန်ဆင်းပြီး နောက်တစ်စီး မျှော်ရပြန်သည်။

ဘတ်စ်ကား နောက်တစ်စီးဆိုက်ရောက်လာပြန်ပြီ။ တိုးဝှေ့တက်ကြသည်။

ယာဉ်အလယ်ပိုင်းလောက်တွင် တစ်နေရာလွတ်သည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးကို ဦးစားပေးလိုက်သည်။ ယာဉ်နောက်ဆုံးတန်းတွင် လူငယ်စုံတွဲတစ်တွဲသာရှိသည်။ ၎င်းတို့ဘေး၌ လွယ်အိတ်သုံးလုံး၊ ထမင်းချိုင့်နှစ်ချိုင့် တုံးလုံးပက်လက်တွေ့ရသည်။ ယာဉ်အောက်မှ ပစ်တင်ထားဟန်တူသည်။ ထမင်းချိုင့်တစ်လုံးအား ဘေးသို့ အနည်းငယ်ရွှေ့ပြီး ကျွန်တော်ထိုင်လိုက်သည်။ ယာဉ်ပေါ်တွင် ခဏတာ ငြိမ်သက်သွားသည်။ ထိုင်ခုံနေရာရသူများက ထိုင်နေကြပြီး မရသူများက ပူညံပူညံဖြင့် ပြန်ဆင်းသွားကြသည်။ ထို့နောက်တွင် လူလေးငါးဆယ်ဦးခန့် အေးအေးလူလူ တက်လာကြသည်။ ထိုသူများမှာ ယာဉ်အောက်မှနေ၍ လွယ်အိတ်၊ ထမင်းချိုင့်များကို ယာဉ်ပြတင်းပေါက်မှတစ်ဆင့် ပစ်တင်၍ နေရာဦးကြသူများပင်။

ကျွန်တော့်ဘေးသို့ အသက်(၁၆)နှစ်၊ (၁၇)နှစ်အရွယ် လူငယ်လေးငါးဦးခန့် ရောက်လာကြပြီး ယာဉ်အောက်မှနေ၍ ပစ်တင်နေရာဦးထားသည့် လွယ်အိတ်၊ ထမင်းချိုင့်များ ကောက်ယူကာ သုံးဦးက ထိုင်ကြသည်။ ကျန်သည့်နှစ်ဦးက ကျွန်တော့်အား "ဒီနေရာမှာ ထမင်းချိုင့်တင်ထားတာ တွေ့လား" ဟုမေးရာ ကျွန်တော်က "တွေ့တယ်၊ ဒီဘေးကလူလက်ထဲမှာလေ" ဟု ဘေးမှာ ထိုင်နေသည့် ၎င်းတို့အဖွဲ့မှ လူငယ်ထံသို့ ညွှန်ပြလိုက်သည်။ ၎င်းတို့က ဆက်၍ "ဘာလို့ဖယ်လိုက်တာလဲ၊ နေရာဦးထားတာ နားမလည်ဘူးလား" အစချီ၍ ရန်လိုသည့်စကားများ တရစပ် ပြောပါတော့သည်။ ကျွန်တော်က "ငါမင်းတို့ထက် အသက်အများကြီး ကြီးပါတယ်။ ပြီးတော့ ငါက ခရီးဝေးဂိတ်ဆုံးအထိ စီးရမှာမို့ ကြိုးစားပြီးတိုးဝှေ့တက်လာတာ" ဟူ၍သာပြန်ပြောပြီးနောက်ဘာစကားမှ ပြန်မပြောဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် ထိန်းနေလိုက်ပါသည်။ အဆိုပါ လူငယ်တစ်သိုက်မှာတော့ ၎င်းတို့ ဦးထားသည့်နေရာကို ဝင်ထိုင်ရကောင်းလားဆိုပြီး လမ်းတစ်လျှောက်လုံး တဖျစ်တောက်တောက် ပြောဆိုနေပါတော့သည်။

ဘတ်စ်ကားစီးနေရင်း ကျွန်တော်တွေးမိသည်။ဘတ်စ်ကားစီးရန် ခရီးသွားကြသူချင်းအတူတူ သက်သောင့်သက်သာ စီးနင်းနိုင်အောင် အချိန်ပိုပေးနိုင်သူ၊ ငွေပိုအကုန်ခံနိုင်သူက ဂိတ်ရင်းမရောက်မီ ကားပတ်စီး၍ ထိုင်ခုံနေရာရအောင် ဦးရသည်။ ဂိတ်ရင်းမှ စောင့်စီးသူများကမူ ဘတ်စ်ကားဆိုက်ရောက်လာသည်နှင့် သူ့ထက်ငါ ဦးအောင်တိုးဝှေ့တက်ကြရသည်။ ဤနေရာတွင် အသက်ကြီးသူ၊ မကျန်းမာသူ၊ ကိုယ်ဝန်ဆောင်သူများ အပါအဝင်ဖြစ်သည်။ သို့သော် အချောင်သမား တချို့မှာ ဘတ်စ်ကားဆိုက်ရောက်လာသည်နှင့် အများနည်းတူ တိုးဝှေ့တက်ဖို့ မကြိုးစားဘဲ မိမိ၏ လွယ်အိတ်၊ ထမင်းချိုင့် စသည်တို့ကို ယာဉ်ပြတင်းပေါက်မှ ပစ်တင်၍ နေရာဦးကာ နောက်မှ အေးအေးလူလူ တက်ရောက်ကာ အခန့်သား နေရာယူကြတော့သည်။ ဒီလိုလူမျိုးတွေထဲမှာ နိုင်ငံတော်၏ အနာဂတ်အတွက် အားထားရမည့် လူငယ်အချို့ ပါဝင်တာတွေ့ရတော့ ပညာခေတ်ကြီးမှာ ပညာ၊ နည်းပညာကို သူ့ထက်ငါ ပိုမိုတတ်ကျွမ်းအောင် ကြိုးစားလေ့လာနေကြသည့် လူငယ်အများစုအကြား သည်လို လူငယ်များလည်း ရှိပါသေးလားဆိုပြီး စိတ်မကောင်းဖြစ်ရသေးသည်။

ယခုအချိန်အခါသည် ကျွန်တော်တို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အနေဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီသို့ အရှိန်အဟုန်ဖြင့် ချီတက်နေပြီး နိုင်ငံတကာနှင့် ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့အဖွဲ့အစည်းများ၏ အသိအမှတ်ပြုလေးစားအားပေးမှုကို ရရှိနေသည့် အချိန်အခါဖြစ်သည်။ နိုင်ငံတော်အစိုးရက ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထင်သာမြင်သာရှိသည့် ခြေလှမ်းသစ်များကို ရှေ့တစ်လှမ်းချင်း လျှောက်လှမ်းနေသလို နိုင်ငံရေးသမားများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များကလည်း မိမိတို့အခန်းကဏ္ဍအလိုက် ပါဝင်အားဖြည့်ဖော်ဆောင်လျက်ရှိသည်။ မဏ္ဍိုင်(၄)ရပ်က ဒီမိုကရေစီအနှစ်သာရကို ပိုမိုပီပြင်အောင်ထောက်ကူခြယ်မှုန်းပေးနေသလို ပြည်သူလူထုတစ်ရပ်လုံးကလည်း အရေးပါသည့် မဏ္ဍိုင်တစ်ရပ်အဖြစ် အဓိကအခန်းကဏ္ဍမှ ပါဝင်အားဖြည့်ရမည့် အချိန်ကာလဖြစ်ပေသည်။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ အစိုးရမှာပဲ တာဝန်ရှိသည်။ သူလုပ်ရမည်။ ငါလုပ်ရမည်။ သူနှင့်မဆိုင်။ ငါနှင့်မဆိုင်ဟူ၍ တာဝန်နှင့်အသိစိတ် နည်းခဲ့ကြ၍ ခေတ်အဆက်ဆက် ကျွန်တော်တို့နိုင်ငံ တိုးတက်မှုနောက်ကျခဲ့ကြရသည်။

တကယ်တော့ သူကလည်း သူ့အလုပ်သူလုပ်၊ သူ့တာဝန်သူ ကျေပွန်အောင် ထမ်းဆောင်၊ ကိုယ်ကလည်း ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင်ထမ်းဆောင်၊ လူတိုင်းလူတိုင်း သတ်မှတ်ထားသည့် စည်းကမ်းနှင့် ဥပဒေများကို လေးစားလိုက်နာ တန်ဖိုးထားကြပြီး လူသားအချင်းချင်း တရားမျှတမှု၊ အများကို မထိခိုက်သော လွတ်လပ်မှု၊ တန်းတူညီမျှမှုတို့ကို လေးစားလိုက်နာ ကျင့်ကြံကြမည်ဆိုလျှင် အရာရာသည်ဖြစ်ခြင်းသဘောနှင့် တိုးတက်ဖို့ရန်သာရှိသည်။ နိုင်ငံသားတိုင်းသည် အခွင့်အရေးနှင့် တာဝန်ကို ပူးတွဲနားလည် လက်ခံလိုက်နာပြီး ပြည်သူ့နီတိကို ဖြည့်ကျင့်ဆောင်ရွက်ကြရန် ဆိုလိုရင်းဖြစ်သည်။

ယခုဘတ်စ်ကားစီးသည့် ကိစ္စမှာပင် ကြည့်ပါ။ နိုင်ငံကြီးသားများ ပီသကြမည်ဆိုလျှင် ကားဂိတ်သို့ ဦးစွာရောက်နှင့်သူက ရှေ့ဆုံးမှ တန်းစီစောင့်ဆိုင်းသင့်သည်။ ထိုသို့ မလုပ်နိုင်သေးလျှင် အများနည်းတူ ကားပေါ်သို့တက်ရောက်နေရာယူကြသင့်သည်။ ဂိတ်ရင်းမှ တိုးဝှေ့မတက်လိုပါက မှတ်တိုင်ကြိုစီး၍ ကားပတ်စီးနိုင်သည်။ အခုတော့ သည်သို့မဟုတ်။ မိမိကိုယ်မိမိ အချောင်သမား ဖြစ်နေလို့ဖြစ်နေမှန်းမသိ၊ ကိုယ့်လုပ်ရပ်ကို ကိုယ်မှန်တယ်ထင်ပြီး အခြားသူများအပေါ် အချောင်အသာစီးယူရတာကို ကျေနပ်နေကြသည်။ အခြားသောလူနေမှုဘဝနယ်ပယ်အသီးသီးတွင်လည်း နိစ္စဓူဝသွားလာနေထိုင်လုပ်ကိုင်ကြရာ၌ တစ်ပါးသူအပေါ် မလျော်အသာစီးယူနေကြသည့် အလားတူအချောင်သမားများကို စာဖတ်သူတို့ တွေ့ကြုံနေကြရမည်မှာ အသေအချာပင်။

တကယ်တော့ ကျွန်တော်တို့ပြည်သူတစ်ရပ်လုံးက စိတ်အားထက်သန်စွာဖြင့် ဖော်ဆောင်ချီတက်နေသည့် ဒီမိုကရေစီခရီးလမ်းတွင် အချောင်သမားဆိုတာ တကယ့်ခလုတ်တံသင်း အကြီးစားတွေ ဖြစ်သည်။ တကယ်ကို ဒီမိုကရေစီစနစ်ထွန်းကားပြီး ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတစ်ခု ဖြစ်ဖို့ဆိုရင် လူတိုင်းလူတိုင်း မိမိတို့ ကျရာအခန်းကဏ္ဍတွင် လိုက်နာကျင့်ကြံလုပ်ဆောင်ကြရမည့် တာဝန်များကို မခိုမကပ်စတမ်း၊ မညာစတမ်း ဆောင်ရွက်သင့်ကြသည်။ လှည်းတန်းမီးပွိုင့်မှာ မီးနီမိ၍ ကျွန်တော်စီးလာသော ဘတ်စ်ကားရပ်သွားသဖြင့် ကျွန်တော်၏ အတွေးစများ ရပ်သွားသည်။

လှမ်းကြည့်လိုက်တော့ ရှေ့မှာကား ၁၀ စီးခန့် ရပ်နေသည်။ အင်းစိန်ဘက်သွားမှာဖြစ်၍ ဘယ်ဘက်အစွန်ဆုံး အင်းစိန်လမ်းယာဉ်ကြောတွင် ရပ်နေခြင်းဖြစ်သည်။ ထိုစဉ် အင်းစိန်ဘက်သို့သွားမည့် အခြားဘတ်စ်ကားနှစ်စီးသုံးစီးခန့်က ရပ်ထားသော ကျွန်တော်တို့ ဘတ်စ်ကား၏ ညာဘက် (ပြည်လမ်း) ယာဉ်ကြောဘက်မှ ကျော်တက်သွားကြသည်။ ထို့နောက် လမ်းဆုံမီးပွိုင့်မရောက်မီ အင်းစိန်လမ်းကြောဘက်သို့ ပြန်ဝင်ရန် အချက်ပြမီးကိုပြ၍ ရပ်လိုက်ကြသည်။ ထိုသို့ စည်းကမ်းပျက် ဘတ်စ်ကားများကြောင့် ပြည်လမ်းဘက်ခြမ်း မီးပွိုင့်မီးစိမ်းနေ၍ လမ်းမှန်မောင်းနှင်နေကြသည့် ကားများမှာ အနှောင့်အယှက် ဖြစ်ကြရသည်။ ဟွန်းတတီတီတီးကြသည်၊ မည်သို့ပင် ဟွန်းတီး၍ လမ်းတောင်းနေကြပါစေ ထိုစည်းကမ်းမဲ့ယာဉ်မောင်းများမှာ ၎င်းတို့ မှားသည်။ မိမိကြောင့် အခြားသူများ အနှောင့်အယှက်ဖြစ်ကြရသည်။ အားနာရမည်ဟု နားလည်ပုံမပေါ်။ ခပ်တည်တည်ပင် မသိချင်ယောင်ဆောင်နေကြသည်ကို စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့ရသည်။

မကြာမီ အင်းစိန်ဘက်လမ်းကြောမီးပွိုင့်စိမ်း၍ ကားများ တရွေ့ရွေ့စထွက်သည်။ ထိုအခါ မီးပွိုင့်မီးနီစဉ်တွင် အများနည်းတူ ယာဉ်ကြောအမှန်အတိုင်း ရောက်သည့်နေရာတွင် တန်းစီမစောင့်ဘဲ တစ်ဖက်ယာဉ်ကြောမှ မောင်းနှင် ကျော်တက်ထားကြသည့် စည်းကမ်းမဲ့ယာဉ်များမှာ မိမိတို့သွားမည့် ယာဉ်ကြောအမှန်သို့ ပြန်ဝင်ရန် အတင်းကာရော ကြိုးစားကြပြန်သည်။

"ချစ်ကို. . . တစ်စီးလောက်"ဆိုပဲ။

လုပ်ငန်းတူ ဘတ်စ်ကားများကတော့ ၎င်းတို့ကို ဝင်ခွင့်မပေးပါ။ သို့သော် ထိုစည်းကမ်းမဲ့ယာဉ်များသည် ကိုယ်ပိုင်ယာဉ်များ၊ ယာဉ်ငယ်များကိုမူ အနိုင်ကျင့်ဗိုလ်ကျကာ အတင်းခေါင်းထိုးဝင်၍ မောင်းနှင်ပါတော့သည်။

ဩော် . . . ကားမှတ်တိုင်မှာတုန်းက အချောင်သမားခရီးသည်များကို ကျွန်တော်တွေ့ခဲ့ရသည်။ ယခုမီးပွိုင့်တွင် အချောင်သမား ယာဉ်မောင်းများကို ကျွန်တော်တွေ့ရပြန်ပြီ။

ကျွန်တော်၏ အင်းစိန်သို့ အိမ်အပြန်ခရီးလမ်းတွင် လွတ်လပ်မှု၊ အခွင့်အရေးနှင့်တာဝန်ကို နားလည်ကျင့်သုံးနိုင်စွမ်း အားနည်းကြသည့် အချောင်သမားများကို အားမလိုအားမရ တွေ့ခဲ့ကြုံခဲ့ရသည်။ သို့သော် နိုင်ငံတော်၏ ဒီမိုကရေစီ ရှေ့ခရီးလမ်းတွင်မူ ထိုသို့သော အချောင်သမားများ၊ ခလုတ်တံသင်းများ ကင်းရှင်းပြီး ခရီးလမ်းသာပါစေကြောင်း ဆန္ဒပြုမိပါတော့သည်။ ။

**ဇော်မျိုးဇော်**

## ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) မသန်စွမ်းသူများ တွေ့ဆုံပွဲ ကျင်းပမည်

**ရန်ကုန် မေ ၅**

မသန်စွမ်းသူများဖြင့် ဖွဲ့စည်းထားပြီး မသန်စွမ်းသူများအတွက် ဆောင်ရွက်လျက်ရှိသော ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားကို မေ ၈ ရက်တွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး(UMFCCI)ခန်းမ၌ နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် မသန်စွမ်းညီအစ်ကိုမောင်နှမများ တွေ့ဆုံခြင်း၊ အထောက်အကူပြု ကိရိယာများနှင့် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်လှူဒါန်းခြင်းနှင့် အလှူငွေပေးအပ်ခြင်းများ ပြုလုပ်မည်ဖြစ်သည်။ စိတ်ဝင်စားသော လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင် အလှူရှင်များအနေဖြင့် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) ရုံးချုပ်အမှတ် (၇၉၇) အခန်း-ဘီ (၁၀၄) ဝါးတန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်(မြန်မာ့အလှတာဝါ II) လမ်းမတော်မြို့နယ် ဖုန်း-၀၁-၂၃၀၀၃၃၂၊ ၀၁-၂၃၀၀၃၂၉၊ ၀၉-၅၀၄၂၆၂၃နှင့် ၀၉-၅၀၄၄၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ငရုတ်ကောင်းမြို့နယ်ခွဲ၌ ဒေသခံများနှင့်တွေ့ဆုံ

**နေပြည်တော် မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် မေ ၃ ရက် နံနက် ၁၁ နာရီတွင် ပုသိမ်ခရိုင် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ခွဲမှဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး တိုက်နယ်ဆေးရုံ ခေတ်မှန်ဆောင်ဆောက်လုပ်ရေးအတွက် အလှူငွေကျပ် သိန်း ၂၀ ကို တိုက်နယ်ဆရာဝန် ဒေါက်တာအေးမင်းထွန်းထံ ပေးအပ်လှူဒါန်းသည်။ တိုက်နယ်ဆေးရုံဆေးပဒေသာပင်အတွက် မြို့မိမြို့ဖနှင့် အလှူရှင်များကလည်း အလှူငွေကျပ် ငါးသိန်းကို လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်မည့်နေရာနှင့် ကျောင်းဆောင်များ၊ ငရုတ်ကောင်းပင်လယ်အော်၊ ဒရယ်ကျွန်းနှင့် တိုက်နယ်ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဒုတိယဝန်ကြီး ဦးစိုးတင့် အိမ်ရာစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မေ ၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် Town Centre အိမ်ရာစီမံကိန်းနှင့် အင်းဝအိမ်ရာစီမံကိန်း၊ အင်းစိန်မြို့နယ် မင်းကြီးအိမ်ရာစီမံကိန်းနှင့် အောင်ဇေယျ အိမ်ရာစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းမီဖြစ်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အရည်အသွေးကောင်းမွန်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား မိတ္ထီလာ၌ ကျင်းပ

**မိတ္ထီလာ မေ ၅**

(၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၅ ရက် နံနက် ၉ နာရီက မိတ္ထီလာခရိုင် မီးသတ်တပ်ဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ (ရုံးချုပ်)မှ ပေးပို့သော မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် မိန့်ခွန်းအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က ဖတ်ကြားသည်။

အခမ်းအနားတွင် ခရိုင်မီးသတ်တပ်ဖွဲ့ရှိ မီးသတ်ယာဉ်များအတွက် လိုအပ်သော လောင်စာဆီ၊ ဘက်ထရီအိုးများနှင့် အထွေထွေငွေပဒေသာပင်များကို လှူဒါန်းရာ မြို့နယ်စားသုံးဆီအသင်းမှ ငွေကျပ် ၂၂၀၀၀၀ တန်ဖိုးရှိ ဘက်ထရီ နှစ်လုံး၊ ဦးချိုကြီးမိသားစုက ငွေကျပ် ၂၂၀၀၀၀ တန်ဖိုးရှိ ဘက်ထရီ နှစ်လုံး၊ ဦးသက်ဇော်ညွှန့်(ကေအမ်ဒီ) မိသားစုက ငွေကျပ် ၁၈၀၀၀၀ တန်ဖိုးရှိ ပရင်တာ နှစ်လုံး၊ ဦးမြင့်အောင်မိသားစုက ငွေကျပ် ၅၀၀၀၀၊ ဦးလှမြင့်မိသားစုက ငွေကျပ် ၄၀၀၀၀၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၁၀၀၀၀ အသီးသီးပေးအပ်လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဇော်မင်းသန့်၊ ခရိုင်မီးသတ်တပ်ဖွဲ့မှူး ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

၎င်းနောက် မြို့ပြရှာဖွေရေးနှင့် ကယ်ဆယ်ရေးသင်တန်း (၁/၂၀၁၂) သင်တန်းမှ သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ၊ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ဂုဏ်ပြုပေးအပ်ကြောင်း သိရသည်။ (၅၇၉)



**(၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ကျောက်မဲခရိုင် မီးသတ်စခန်း၌ မေ ၅ ရက် နံနက် ၉ နာရီက ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေး အမှာစကားပြောကြားစဉ်။** (၅၆၃)



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ဗဟိုအဆင့် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ (၂၀၁၁)ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တစ်နိုင်ငံလုံးလွှမ်းခြုံမှုရှိအောင် အကောင်အထည်ဖော်လျက်ရှိ ကျေးလက်ဒေသကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်

နေပြည်တော် မေ ၅

**ဗဟိုအဆင့် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ (၂၀၁၁)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အမျိုးသားကျန်းမာရေးမူဝါဒနှင့်အညီ ကျေးလက်ဒေသနှင့် နယ်စပ်ဒေသများအပါအဝင် တစ်နိုင်ငံလုံး လွှမ်းခြုံမှုရှိအောင် စီမံကိန်းများစနစ်တကျ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယင်းသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းကို အရည်အသွေးပြည့်မီပြီး ပြည်သူတိုင်း လက်လှမ်းမီရရှိနိုင်ရေးနှင့် ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားလာစေရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။**

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံချက်လုပ်ငန်းများ ဝင်ရောက်သည့်မြို့နယ်နှင့် စီမံချက်လုပ်ငန်း မဝင်သည့် မြို့နယ်များအကြား ထောက်ပံ့မှု ရရှိသည့် အခြေအနေကွာဟမှုများရှိနေပြီး အခြေခံကျန်းမာရေးဝန်ထမ်းများ လုပ်ငန်း ဆောင်ရွက်ရာတွင်လည်း Project Oriented ဖြစ်နေကြသည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ပုံမှန်ဆောင်ရွက်ရမည့်လုပ်ငန်းများ အားနည်းလာသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် Project များအပေါ်၌သာ အာရုံထားဆောင်ရွက်နေမှုများကို လျှော့ချပြီး တစ်နိုင်ငံလုံး၌ မဖြစ်မနေဆောင်ရွက်ရမည့် ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အပြည့်အဝဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဗဟိုအဆင့် လူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲတွင် မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ၂၀၁၁ ခုနှစ်က ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များ၏ အားနည်းချက်၊ အားသာချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြပြီး ရလဒ်ကောင်းများ၊ အဖြေကောင်းများ ရရှိပေါ်ထွက်လာအောင် ကြိုးစားကြရန်၊ ရှေ့နှစ်များအတွက် စီမံကိန်းများရေးဆွဲရာတွင် မိမိတို့ဒေသအလိုက် ဖြစ်ပေါ်နေသည့် အခြေအနေများကို အခြေခံ၍ အကောင်းဆုံးဖြေရှင်းနိုင်မည့် နည်းလမ်းများရေးဆွဲပြီး ထောင်စုနှစ် ရည်မှန်းချက်များပြည့်မီရေးနှင့် ကျေးလက်ဒေသကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကို ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ပြည်သူ့ကျန်းမာရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သိန်းသိန်းဌေးက တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစီမံချက်ရေးဆွဲခြင်းကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာလှမြင့်က ပုံမှန်လုပ်ဆောင်နေသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထုအားလုံးအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး အစီအစဉ်များကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဌာန ဒုတိယညွှန်ကြားရေးမှူးက ဗဟိုအဆင့် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း (၂၀၁၁)၏ ရလဒ်များကိုလည်းကောင်း တင်ပြကြပြီး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကိုဆက်လက်ကျင်းပရာ တိုင်းဒေသကြီးနှင့်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးများက (၂၀၁၁) ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များ၏ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးတင်ပြကြပြီး တက်ရောက်သူများက အကြံပြုဆွေးနွေးကြကာ ဆွေးနွေးပွဲပထမနေ့ကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အဆိုပါ လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲကို မေ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

အေဝမ်းစိုး

## ဆက်ဒမ်ဟူစိန်ကိုဖမ်းမည့် သွေးစုပ်ဖုတ်ကောင်

**နာမည်ကျော်လူသိများသည့်Twilight သွေးစုပ်ဖုတ်ကောင် ဇာတ်ကားများတွင် သွေးစုပ်ဖုတ်ကောင် အက်ဒွက်ကူလန်အဖြစ်သရုပ်ဆောင်ခဲ့သည့် မင်းသားရောဘတ်ပတ်တင်ဆန်သည် အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်ကို ဖမ်းဆီးရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့သည့် အမေရိကန်စစ်သား အီရစ်မက်ဒေါက်အဖြစ် သရုပ်ဆောင်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။**



မင်းသားရောဘတ်ပတ်တင်ဆန်သည် ၂၀၀၃ ခုနှစ်က အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်ကို အသက်ရှင်လျက် ဖမ်းဆီးမိခဲ့ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည့်စစ်သားအီရစ်မက်ဒေါက်နှင့် ဒေးဗစ်ဆေးတို့ကိုယ်တိုင် ရေးသားပြုစုထားသည့် Mission:Black List # 1စာအုပ်ကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်အသက်သွင်း ပုံဖော်ရာတွင် စစ်သား အီရစ်မက်ဒေါက်အဖြစ် သရုပ်ဆောင်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

Mission:Blacklist ဟု အမည်ပေးထားသည့် ဤဇာတ်ကားကို အစ်ခ်ဂျန်ဒါဆင်က ဇာတ်ညွှန်းရေးပေးမည်ဖြစ်ပြီး ဒါရိုက်တာ ဂျိန်းစတီဖင်ဆော်ဗရီက လက်စွမ်းပြရိုက်ကူးတင်ဆက်သွားမည်ဖြစ်သည်။

ရောဘတ်ပတ်တင်ဆန်ကို နောက်ထပ် Twilight ဇာတ်ကားတစ်ကားဖြစ်သည့် Breaking Dawn-Part-2 ဇာတ်ကားတွင်လည်း ကြည့်ရှုရဦးမည်ဖြစ်သည်။ ယင်းဇာတ်ကားကို ယခုနှစ် နိုဝင်ဘာလတွင် အရောင်းမြှင့်တင်ရေးပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ရောဘတ်ပတ်တင်ဆန်ကို Cosmopolis အမည်ရှိ ဇာတ်ကားတွင်လည်း သန်းကြွယ်သူဌေးအဖြစ် သရုပ်ဆောင်ထားသည်ကို ရှုစားရဦးမည်ဖြစ်သည်။

ရောဘတ်ပတ်တင်ဆန်**(ယာပုံ)**သည် ယခုအခါ Twilight ဇာတ်ကားများတွင် အတူ ပူးတွဲသရုပ်ဆောင်ခဲ့သည့် မင်းသမီး ခရစ္စတင်းစတီးဝပ်နှင့် မေတ္တာမျှနေသူဖြစ်သည်။ ရောဘတ်၏ ဆက်ဒမ်ဟူစိန်အား ဖမ်းဆီးနိုင်ခဲ့ပုံကို ရိုက်ကူးမည့် Mission: Blacklist ဇာတ်ကားသည် ၎င်း၏ Twilight ဇာတ်ကားများကဲ့သို့ ပရိသတ်များအား စိတ်လှုပ်ရှားမှုပေးစွမ်းနိုင်မည်လားဆိုသည်ကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။

***အင်တာနက်။***

## အီတလီရုပ်ရှင်ဆုပေးပွဲတွင် တရုတ်မင်းသမီး အကောင်းဆုံးသရုပ်ဆောင်ဆုရ



တရုတ်ရုပ်ရှင်မင်းသမီး Zhao Tao သည် မေ ၄ ရက်က အီတလီနိုင်ငံ ရောမမြို့၌ ကျင်းပခဲ့သည့် ၂၀၁၂ ခုနှစ် အီတလီရုပ်ရှင်ဆုပေးပွဲ (David di Donatello 2012 Awards)တွင် သူခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည့် Io Sono Li (ကျွန်မနာမည် လီ) အမည်ရှိ ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုရရှိခဲ့သည်။

ယင်းကဲ့သို့ ဆုရရှိခဲ့ခြင်းသည် အီတလီရုပ်ရှင်ဆုပေးပွဲများတွင် တရုတ်မင်းသမီး တစ်ဦးအနေဖြင့် ပထမဆုံးအကြိမ် ဆုဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သကဲ့သို့ ဥရောပရုပ်ရှင်ဆုပေးပွဲများတွင် အာရှမင်းသမီးတစ်ဦးအနေဖြင့် ပထမဆုံးအကြိမ် ဆုရရှိခြင်းလည်းဖြစ်သည်။ ယင်းဆုအတွက် ဆန်ခါတင်မင်းသမီးငါးဦးရွေးချယ်ခဲ့ပြီး နောက်ဆုံးတွင် တရုတ်မင်းသမီးက ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ဤရုပ်ရှင်ကားသည် တရုတ်နှင့် အီတလီတို့၏ ပူးပေါင်းဆောင်ရွက်မှုများတွင် ပြီးပြည့်စုံသော စံနမူနာတစ်ခုဖြစ်ကြောင်း မင်းသမီး Zhao Tao က ပြောကြားသည်။**(ဝဲပုံ)**

ဤဇာတ်ကားကို ပြင်သစ်နှင့် အီတလီတို့က ပူးတွဲထုတ်လုပ်ပြီး အီတလီဒါရိုက်တာ အန်ဒရာဆီဂရီက ရိုက်ကူးတင်ပြထားခြင်းဖြစ်သည်။ ကျွန်မနာမည်လီအမည်ရှိ ဇာတ်ကားသည် အီတလီနိုင်ငံ Chioggia ကမ်းခြေမြို့ အရက်ဘားတစ်ခုတွင် လာရောက်အလုပ်လုပ်ကိုင်သည့် တရုတ်အမျိုးသမီးတစ်ဦးနှင့် ဒေသခံတံငါသည် တစ်ဦးတို့၏ အဖြစ်ကို အခြေခံရိုက်ကူးထားသည့် ချစ်ဇာတ်လမ်းဖြစ်သည်။

ယင်းဇာတ်ကားကို ၂၀၁၁ ခုနှစ် (၆၈)ကြိမ်မြောက် ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင်လည်း ပါဝင်ပြသခဲ့သည်။

***အင်တာနက်။***



## သာသနာ့ဘုန်းရောင် အဘဘိုးမင်းခေါင်၏ ဖြစ်ရပ်ဆန်းကြယ်များစာအုပ်ထွက်ရှိ



ဘုန်းရောင်ဂျာနယ်တွင် ဖော်ပြခဲ့သော အဘဘိုးမင်းခေါင်ဆောင်းပါးများကို ဘုန်းရောင်ဂျာနယ် အယ်ဒီတာချုပ် ဦးမောင်မောင်မြင့်အေးက စာအုပ်အဖြစ် စုစည်းပူဇော်တင်ဆက်လိုက်သည်။

အဆိုပါစာအုပ်တွင် ဂန္ဓာရီဘုရားကြီးများ၏ အောင်မြေကိုးဌာန၊ အဘအောင်မင်းခေါင် ကိုးကွယ်ပူဇော်ခဲ့သော ဒီဃာယုလိုတရ ဆုတောင်းပြည့်ရုပ်ရှင်တော်မြတ်၊ ပုပ္ပားနှင့်ဘိုးတော်အောင်မင်းခေါင်၊ အဘအောင်မင်းခေါင် အသုံးပြုခဲ့သော ဓာတ်ပစ္စည်းများပူဇော်ပွဲ၊ မှာတမ်း၊ အခက်အခဲဟူသမျှ အားလုံးလွယ်ကြပါစေ၊ ဘိုးတော်အောင်မင်းခေါင် ဘယ်လိုထွက်ခဲ့သလဲ၊ ပဋ္ဌာန်းပုတီးစိပ်နည်း၊ မေးကိုင် လာဘ်ခေါ်၊ ခန္ဓာဝန်ချသည့်နေရာ စသည့် ဂန္ဓာရီဓာတ်စခန်းနှင့် သက်ဆိုင်သည့် အဘ အောင်မင်းခေါင်၏ ထူးခြားဆန်းကြယ်ဖြစ်ရပ်များကို အဘ၏ရုပ်ပုံများနှင့်တကွ စုစည်းတင်ပြထားသည်။ အဆိုပါစာအုပ်ကို ဘုန်းရောင်စာပေ အမှတ်-၂၇ အခန်း-၁၂ (၅၂)လမ်းအောက် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၂၅၀၀ မှ ဖြန့်ချိလိုက်သည်။

## အမေရိကန်တစ်ယောက်လို အင်္ဂလိပ်စကားအလှဆင်ပြောရအောင်



အမေရိကန်သုံး အင်္ဂလိပ်စကားသည် ကမ္ဘာသုံး နံပတ်(၁)ဘာသာစကားနေရာ၌ ရှိနေသည်မှာ နှစ်ကာလများစွာကြာခဲ့ပေပြီ။ ကမ္ဘာပေါ်တွင် အင်္ဂလိပ်ဘာသာစကားကို ပြောဆိုနိုင်သူပေါင်း သန်းပေါင်း ရာဂဏန်းအနည်းငယ်မျှသာရှိသော်လည်း အင်္ဂလိပ်ဘာသာစကား(ဝါ) အမေရိကန်သုံးအင်္ဂလိပ်စကားက ကမ္ဘာတစ်ဝန်းလွှမ်းခြုံယှက်နွယ်ရာတွင် ထိပ်ဆုံးက ပြိုင်ဘက်မရှိ အသုံးတွင်ကျယ်လှသော ဘာသာစကားအဖြစ် တည်ရှိနေသည်ကို သံသယဖြစ်ဖွယ်မရှိပါ။

သာမန်ရိုးရိုး အင်္ဂလိပ်စကားပြောကျွမ်းကျင်မှုမှသည် အီဒီယမ်အသုံးများကို စကားအရာကြွယ်ဝလာစေရန်ထိရောက်စွာ အထောက်အကူပေးမည်သာဖြစ်ကြောင်း ဆရာဦးကြည်ရွှင်က စာအုပ်တွင် ပြည့်ပြည့်စုံစုံတင်ပြထားသည်။ စာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ၃၉ လမ်း(ပထမထပ်-ဝဲ) အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅ က ဖြန့်ချိလိုက်သည်။

## အင်တာနက် အသုံးပြုနည်းလမ်းညွှန်



အင်တာနက်အသုံးပြုသူများအတွက် မျိုးသူရ၏ အင်တာနက်အသုံးပြုနည်း လမ်းညွှန်စာအုပ် ထွက်ရှိလာသည်။

ဤစာအုပ်တွင် Dial up, ADSL, IP star, Wimax, Internet Connection ချိတ်ဆက်ပြီး အသုံးပြုပုံ၊ သိချင်သည့်အကြောင်းအရာများကို စက္ကန့်ပိုင်းအတွင်း ရှာဖွေနိုင်သည့် Search Engin အသုံးပြုပုံ၊ Download ပြုလုပ်ပုံ၊ Program Install ပြုလုပ်ခြင်း၊ Proxy Server, G-mail, Webmail ကို အသုံးပြုခြင်း၊ Virus Update ပြုလုပ်ခြင်း စသည်တို့ကို စုံလင်စွာဖော်ပြထားသည်။ မျက်ပွင့်စာပေမှ တန်ဖိုး ကျပ် ၄၀၀၀ ဖြင့် ထုတ်ဝေလိုက်သည်။

## အဖြစ်များလာသော ကျိုးပေါင်းရောဂါ



ကြည်လွင်မြင့်(မုဒြာ)ရေးသည့် အဖြစ်များလာသော ကျိုးပေါင်းရောဂါ စာအုပ်တွင် ကျိုးပေါင်းတက်ရောဂါဝေဒနာများ ကာကွယ်နည်း၊ ကုသနည်းများကို လူတိုင်းနားလည်အောင် ဆေးပညာဝေါဟာရများ အလွန်အကျွံမသုံးဘဲ အခန်း (၁၀)ခန်းခွဲ၍ ရှင်းလင်းတင်ပြထားသည်။ ထူးခြားမှုအနေဖြင့် ရိုးရာကြပ်ထိုးခြင်းနှင့် သဘော်ရွက်ကို အသုံးပြုပြီး ဇက်ကျိုးပေါင်း၊ ဖနောင့်ကျိုးပေါင်းတက်ရောဂါ သက်သာနိုင်ပုံကို စုံလင်စွာတင်ပြထားရာ စာဖတ်သူများအတွက် အကျိုးရှိစေမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

## စာရေးသူစေးလာနွယ်၏ လင်းလက်ကြွေလွင့် ကြယ်ပွင့်များနှင့် အခြားဝတ္ထုတိုများစာအုပ် ထုတ်ဝေဖြန့်ချိ



စာရေးသူ စေးလာနွယ်၏ လင်းလက်ကြွေလွင့် ကြယ်ပွင့်များနှင့် အခြားဝတ္ထုတိုများစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

စာရေးသူ၏ သူရဇ္ဇမဂ္ဂဇင်းနှင့် သိဒ္ဓိမိုး မဂ္ဂဇင်းတို့တွင် ရေးသားဖော်ပြခဲ့သော ဝတ္ထုတိုများကို စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်ကြောင်း၊ အဆိုပါစာအုပ်တွင် ချစ်သောနန်းသီလာ၊ ကံတရား၊ စစ်တောင်းမြစ်ဝှမ်းအရှေ့ခြမ်းမှ ကျောက်မော်ဘုရားကြီး၊ ကျွန်တော်ကျောက်တူးသမား၊ စေတနာအလင်းအိမ်၊ ကျွန်တော်နှင့် ဆရာစောကျောင်း၊ ကျွန်တော်ဆေးကုသမား၊ မြိုင်တန်းမှောင်ဝေလေး စသည့် ဝတ္ထုတို ၁၈ ပုဒ်ပါရှိသည်။

အဆိုပါစာအုပ်ကို နေရီရီစာအုပ်တိုက်က တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။



**နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်အား စတုတ္ထအကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းခြင်း မင်္ဂလာအခမ်းအနားကျင်းပစဉ်။** (သတင်းစဉ်)

**❒ ရှေ့ဖုံးမှ**

ညောင်ရေသွန်းလောင်းတော်မူကြရန် တိုက်တွန်းသည့် ဗောဓိရုက္ခောဒက ဥယျောဇနဂါထာကို ဖတ်ကြားပူဇော်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်ပရိသတ်တို့က မဟာဗောဓိပင်တော်များအား အမွှေးနံ့သာရည်ဖြင့် သွန်းလောင်းပူဇော်ကြပြီး ဝတ်အသင်းအဖွဲ့များက ရေစင်ဖြင့် သွန်းလောင်းပူဇော်ကြသည်။

ထို့နောက် အခမ်းအနားမှူးက ဇယန္တောဗောဓိယာမူလေ အစချီသော ဇယမင်္ဂလာအောင်ဂါထာကို ရွတ်ဆိုပူဇော်ဖတ်ကြားပြီး ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ နံနက်ပိုင်းမှစတင်၍ ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များ၊ တပ်ရင်းတပ်ဖွဲ့များမှ ဝတ်အသင်းများက ဗုဒ္ဓဒေသနာတော်များ ရွတ်ပွားပူဇော်ကြပြီး ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများကလည်း စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်လှူဒါန်းကြရာ ကုသိုလ်ပုညဆည်းပူးကြသူများ အထူးစည်ကားသည်ကို တွေ့ရသည်။

ထို့အတူ ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်ရှိ ဓာတုစယ(ဓာတ်ပေါင်းစု)စေတီတော်နှင့် စေတီတော်ပရိဝုဏ်အတွင်းရှိ မဟာမုနိရုပ်ပွားတော်ကြီးတို့၌လည်း နေပြည်တော်ရှိ ဝန်ထမ်းမိသားစုများက ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်ကောင်းမှုများ ပြုကြပြီး စေတီတော်ပရိဝုဏ်အတွင်းရှိ ဗောဓိပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

အလားတူ ပျဉ်းမနားမြို့ရှိ ဘုရားပုထိုး စေတီများတွင်လည်း ဒေသခံပြည်သူများသည် သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ခြင်း၊ ကုသိုလ်ကောင်းမှုများပြုလုပ်ခြင်း၊ ဓမ္မကထိကဆရာတော်များထံမှ တရားဘာဝနာ နာယူခြင်းတို့ကို ပြုလုပ်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့အတူ ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက်ရှိ ပဋ္ဌမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော် ဆုတောင်းပြည့်လောကမာရဇိန်စေတီတော်၌ ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ (၃၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ညနေပိုင်းတွင် ကျင်းပရာ တိုင်းသံဃာ့ဝန်ဆောင် သံလမ်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဉာဏဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပြည်သူများက သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ လောကမာရဇိန်စေတီတော်၊ ဘုရားကိုးဆူစေတီတော်နှင့် ကိုးခန်းကြီးဘုရားဝင်းများအတွင်းရှိ မဟာဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ထို့အပြင် ပျဉ်းမနားမြို့ပေါ်ရပ်ကွက်များမှ ဝတ်အသင်းအဖွဲ့များ၊ ညောင်ရေသွန်းလောင်းမည့် အဖွဲ့များသည် စုရပ်မှ ပျဉ်းမနားမြို့အတွင်း စီတန်းလှည့်လည်ကြပြီး ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်ရှိ မဟာဗောဓိပင်အား



**ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားကို ရွှေတိဂုံစေတီတော်ရင်ပြင် အဂ္ဂိထောင့်၌ ကျင်းပရာ ဘာသာရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများ၊ ဘုရားဖူးလာပြည်သူများက ပရိဘောဂစေတီ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။** (သတင်းစဉ်)

ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

အလားတူ ပျဉ်းမနားမြို့ ဘုရားကိုးဆူစေတီ၌လည်း အလှူရှင်များက ဘုရားဖူးလာ ပြည်သူများနှင့် ညောင်ရေသွန်းလောင်း ပူဇော်ကြသူများအား နံနက်ပိုင်းမှစတင်၍ ထမင်းနှင့် အချိုရည်များကို စတုဒိသာအဖြစ် ဧည့်ခံကျွေးမွေးကြသည်။

ယနေ့ ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီများ၌ ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာသဘင်နှင့် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ပွဲအခမ်းအနားများကို နံနက်ပိုင်းမှစတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၉)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင် စေတီတော်ရင်ပြင် အဂ္ဂိထောင့်ရှိ ပရိဘောဂစေတီ မဟာဗောဓိညောင်ပင် အနီးရှိ ရောင်တော်ဖွင့်တန်ဆောင်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများနှင့် ဘုရားဖူးလာပြည်သူများက ပရိဘောဂစေတီ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။



**ကဆုန်လပြည့်နေ့က ဥပ္ပါတသန္တိစေတီတော်လိုဏ်တော်အတွင်း၌ ဝတ်အသင်းများက ဗုဒ္ဓဒေသနာတော်များ ရွတ်ပွားပူဇော်ကြစဉ်။** (သတင်းစဉ်)

ရွှေတိဂုံစေတီတော် ရင်ပြင်ထောင့်လေးထောင့်ရှိ မဟာဗောဓိညောင်ပင်များ၌လည်း ဘုရားဖူးလာပြည်သူများ လွယ်လင့်တကူ ညောင်ရေသွန်းလောင်းနိုင်ရန် ဘာသာရေးအသင်းအဖွဲ့များက ကုသိုလ်ယူ ကူညီဆောင်ရွက်ပေးကြသည်။

ဆူးလေစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားကို နံနက် ၅ နာရီတွင် ကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဒုတိယပါမောက္ခချုပ် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ကုမာရ အမှူးပြုသော ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြပြီး မြောက်ဘက်မုခ် ဗောဓိပင်တန်ဆောင်းရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ မွန်းလွဲပိုင်းတွင် ဆူးလေစေတီတော် ဂေါပကအဖွဲ့ဝင်များ ဦးဆောင်၍ စေတီတော်ဝန်ထမ်းဝတ်အဖွဲ့က ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့ ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်ကြပြီး ဗောဓိညောင်ပင်၌လည်း ဘုရားဖူးလာပြည်သူများက ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲကို နန်းဦးဘုရားကြီးတန်ဆောင်း၌ ကျင်းပရာ ဆိပ်ကမ်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တမေဓာနန္ဒထံမှ ပရိသတ်က ငါးပါးသီလခံယူဆောက်တည်ကြကာ မဟာဗောဓိမဂ္ဂင်မြိုင်ရှိ ဗောဓိညောင်ပင်အား ဆရာတော် သံဃာတော်များက မဟာဗောဓိဥဒကသိဥ္စနပါဠိတော်များ ရွတ်ဖတ်ပူဇော်ကာ ဆရာတော် သံဃာတော်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘုရားဖူးလာပြည်သူများက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ကဆုန်လပြည့်နေ့၌ တစ်နေကုန် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်နိုင်ရန် ဂေါပကအဖွဲ့က အောင်သပြေ အမွှေးနံ့သာများ ထည့်ထားသည့် တာအိုးများကို စီစဉ်ထားရှိပေးရာ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်သူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။

မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ (၂၆)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို နံနက် ၈ နာရီတွင် ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့် ဘုရားဖူးလာ ပြည်သူများက မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်၌ နံနက် ၅ နာရီတွင် စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ရွှေဘုံသာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝါယမဦးဆောင်၍ ပင့်သံဃာ အပါး ၃၀ တို့က စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်၍



**ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်ဝင်းအတွင်းရှိ မဟာဗောဓိညောင်ပင်အား ဘုရားဖူးပြည်သူများက ညောင်ရေသွန်းလောင်း ပူဇော်ကြစဉ်။** (သတင်းစဉ်)

## (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ရန်ကုန် မေ ၅**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ယနေ့ နံနက်တွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်ပြီး ရဲသူရတံဆိပ်ရရှိသူ တစ်ဦးနှင့် ခရိုင်အဆင့်စခန်းသာယာလှပရေး ပထမဆု၊ မီးသတ်စွမ်းရည်ပြိုင်ပွဲ တံခွန်စိုက်ဆုတို့ကို ချီးမြှင့်သည်။

ထို့နောက် မြို့တော်ခန်းမဘေး မြက်ခင်းပြင်၌ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စွမ်းရည်များ သရုပ်ပြခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန အရာရှိမြေတိုင်းသင်တန်းဆင်း

**ရန်ကုန် မေ ၅**

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန အရာရှိမြေတိုင်းသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းပွဲကို မေ ၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းဖွံ့ ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား စီမံရေးရာဌာနခွဲ ညွှန်ကြားရေးမှူးဦးသိန်းဝင်းက သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(ဓါတ်ပုံ)**

အခမ်းအနားသို့ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ သင်တန်းမှူး၊ သင်တန်းနည်းပြများနှင့် ရန်ကုန်မြောက်ပိုင်းခရိုင်မှ မြို့နယ်မြေစာရင်းဦးစီးဌာနမှူးများ၊ သင်တန်းဆင်းအရာရှိ သင်တန်းသား ၂၇ ဦးတို့ တက်ရောက်ခဲ့သည်။

အဆိုပါ အရာရှိမြေတိုင်းသင်တန်းကို ၁၆-၅-၂၀၁၁ ရက်မှ ၄-၅-၂၀၁၂ ရက်အထိ သင်တန်းကာလ တစ်နှစ်အတွင်း အခြေခံမြေတိုင်းတာခြင်း၊ ခေတ်မီမြေတိုင်းတာခြင်းနှင့် မြေပုံရေးဆွဲထုတ်လုပ်ခြင်းလုပ်ငန်းများကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။ (၅၂၆)

**❖ ကြာသပတေးဂြိုဟ်မှ**

အမည်ပေးထားသည့် လများပေါ်တွင် သမုဒ္ဒရာများလည်းရှိနေရာ သက်ရှိများလည်း ရှင်သန်နေထိုင်ဖွယ်ရှိသည်ဟု ယူဆထားကြသည်။

The JUICE စူးစမ်းရှာဖွေရေး အာကာသယာဉ်သည် ကြာသပတေးဂြိုဟ်၏ လေထု၊ သံလိုက်စက်ကွင်းလွှာနှင့် ၎င်း၏ ဂြိုဟ်ရံလများအကြား ဆက်နွယ်မှုများကိုလည်း စောင့်ကြည့်လေ့လာသွားမည်ဖြစ်သည်ဟု ဆိုသည်။ ထို့ပြင် ကာလစ္စတိုလသို့ သွားရောက်ခြင်း၊ ယူရိုပါလအနီး ပျံသန်းမှု နှစ်ကြိမ်ပြုလုပ်ခြင်းနှင့် ဂနီမီးဒ်လ၏ ဂြိုဟ်ပတ်လမ်းအတွင်း ဝင်ရောက်ပျံသန်းခြင်းတို့ ပြုလုပ်မည်ဖြစ်သည်။

ကြာသပတေးဂြိုဟ်သည် နေစကြဝဠာအတွင်းရှိ ဧရာမဂြိုဟ်ကြီးတစ်လုံးဖြစ်ကြောင်း၊ အခြားသောကြယ်များ၏ ဝန်းကျင်၌လည်း ယင်းကဲ့သို့ ကြီးမားလှသော ဂြိုဟ်ကြီးများကို အမြောက်အမြားရှာဖွေတွေ့နိုင်ကြောင်း ESA ၏ သိပ္ပံရေးရာနှင့် စက်ရုပ်များဖြင့် စူးစမ်းရှာဖွေရေးဌာန၏ ညွှန်ကြားရေးမှူး ပါမောက္ခ အယ်လ်ဗားရို ဂျီမီနက်ဇ်ကာနီတီက ပြောကြားသည်။

ထို့ပြင် JUICE သည် ကြာသပတေးဂြိုဟ်နှင့် ဂြိုဟ်ရံလများ၏ ဖွဲ့စည်းမှုများနှင့် ၎င်းတို့ပေါ်တွင် သက်ရှိများတည်ရှိနိုင်မှုအလားအလာများကို မိမိတို့အား ထဲထဲဝင်ဝင်သိရှိစေမည်ဖြစ်သည်ဟုလည်း ၎င်းက ပြောကြားသည်။

JUICE အာကာသမစ်ရှင်ကို ၂၀၂၂ ခုနှစ်တွင် စေလွှတ်မည်ဖြစ်ပြီး ၂၀၃၀ တွင် ဆိုက်ရောက်သွားမည်ဖြစ်ကာ ၎င်း၏ စူးစမ်းလေ့လာရေးလုပ်ငန်းတာဝန်များကို အနည်းဆုံး သုံးနှစ်ကြာပြုလုပ်နိုင်မည်ဖြစ်သည်ဟု ခန့်မှန်းထားသည်။

**ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**





# Champion Challenge Cup ပြိုင်ပွဲကို (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပမည့်ပုံစံအတိုင်း ကျင်းပသွားမည်

**နေပြည်တော် မေ ၅**

၂၀၁၂ ခုနှစ် ဒုတိယအကြိမ် Champion Challenge Cup ပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယပိုင်းကို ယမန်နေ့ ညနေ ၄ နာရီခွဲတွင် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရာ၌ အဆင်ပြေချောမွေ့ပြီး လုပ်ငန်းအတွေ့အကြုံရရှိစေရန် ယခုကျင်းပမည့် Champion Challenge Cup ပြိုင်ပွဲကို (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပမည့်ပုံစံအတိုင်း အတတ်နိုင်ဆုံးတူညီအောင်ကျင်းပသွားမည်ဖြစ်ကြောင်း၊ Games Management System တွင် ပါဝင်သော ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနားများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဧည့်ခံကျွေးမွေးရေးလုပ်ငန်းများ၊ ဆုများချီးမြှင့်ရေး၊ သတင်းထုတ်ပြန်ရေး၊ ပြိုင်ပွဲမှတ်တမ်းများ၊ စီးပွားရေးလုပ်ငန်း ကြော်ငြာကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျစီမံခန့်ခွဲနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆-၅-၂၀၁၂ (တနင်္ဂနွေနေ့)

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၅၀ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၂၀ "ကာဗွန်ဈေးကွက်"
၈း၄၀ International News
၁၁း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာစွမ်းအား" (အပိုင်း-၂)
၁၂း၃၀ "ဖန်တီးမှုရဲ့လျှို့ဝှက်ချက်"
၁၂း၅၀ (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း "မီးလျှံကြားက သွေးသစ္စာ" (ရဲအောင်၊ မင်းဦး၊ မင်းရာဇာ၊ အောင်ခိုင်၊ မိုးယံဇွန်၊ မြတ်သူအောင်၊ မင်းခန့်ကျော်၊ ကောင်းထက်သူ၊ ချောရတနာ၊ နိုဘယ်ကျော်ကျော်၊ ဝါဆိုမိုးဦး၊ မေဖြူဖြူ၊ ဝါဝါအောင်၊ စန္ဒီလတ်) (ဒါရိုက်တာ-တုန့်ခ)
၄း၄၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (စီးပွားရေးပညာ၊ စီးပွားစီမံအထူးပြုများ)(စီးပွားရေးပညာ)
၅း၁၀ "ထိန်းသိမ်းပါလေ ယဉ်ကျေးမှုအမွေ"
၅း၂၀ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၂၀ ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ"(အပိုင်း-၃၈)
၆း၄၀ တစ်မျက်နှာ၊ တစ်ကွက်စာ "တွင်းနက်ကြီး"(ဦးဝင်းမြိုင်၊ အောင်သော်ပိုင်သိန်၊ အင်ကြင်း) (ဒါရိုက်တာ-ပိုင်သိန်)
၇း၀၀ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပို" (အပိုင်း-၃၄)**
၈း၀၀ ပြည်တွင်းသတင်း -ကာတွန်းအစီအစဉ် ဒိုင်နိုဆောကမ္ဘာ "စားချိုဒိုင်နိုဆောနဲ့ ရှင်းလုံ့ဒိုင်နိုဆောတို့ရဲ့တိုက်ပွဲ) -နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာသစ္စာ" (အပိုင်း-၂) -ရင်ခုန်လက်ကမ်း တေးသစ်လမ်း

# ၂၀၁၂ ခုနှစ် နွေရာသီဖိတ်ခေါ် 3 on 3 အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် မေ ၅**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၂ ခုနှစ် နွေရာသီဖိတ်ခေါ် 3 on 3 အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲများကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ အလွတ်တန်းပြိုင်ပွဲ၌ အမျိုးသားပြိုင်ပွဲဝင် အသင်း ၂၀၊ အမျိုးသမီးအသင်း ကိုးသင်း၊ (၁၆)နှစ်နှင့်အောက်ပြိုင်ပွဲ၌ အမျိုးသားအသင်း ၂၃ သင်း၊ အမျိုးသမီးအသင်း ငါးသင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)



**၂၀၁၂ ခုနှစ် နွေရာသီဖိတ်ခေါ် 3 on 3 အမျိုးသား အမျိုး သမီး ဘတ်စကက်ဘော ပြိုင် ပွဲ များ ကို ရန် ကုန် မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံ အား က စား ခန်း မ ၌ ကျင်းပစဉ်။**

(သတင်းစဉ်)



**မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လင်း အာရှလူငယ်နှင့် အငယ်တန်းအလေးမတံခွန်စိုက်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(အလေးမအဖွဲ့ချုပ်)

# ၂၀၁၂ ခုနှစ် အာရှလူငယ်နှင့် အငယ်တန်းအလေးမ တံခွန်စိုက်ပြိုင်ပွဲကျင်းပရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန် မေ ၅**

အာရှအလေးမအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၁၂ ရက်ထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှလူငယ်နှင့် အငယ်တန်း အလေးမတံခွန်စိုက် ပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို မေ ၃ ရက် ညနေ ၃ နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ၂၀၁၂ ခုနှစ် အာရှလူငယ်နှင့်အငယ်တန်း အလေးမတံခွန်စိုက်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေးကော်မတီများဖွဲ့စည်းရေး၊ လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ရေး၊ ကြိုတင်ပြင်ဆင်မှုများနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် အထွေထွေအတွင်းရေးမှူး ဦးမြင့်ဆွေတို့က အသေးစိတ်ဆွေးနွေးကြသည်။

ယင်းပြိုင်ပွဲသို့ အာရှနိုင်ငံများမှ အလေးမအသင်း ၄၅ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (ကြေးမုံ)

## နိုင်ငံတကာအားကစားသတင်းများ နိုင်ငံတကာအားကစားသတင်းများ နိုင်ငံတကာအားကစားသတင်းများ

# ဖူးဟမ်တိုက်စစ်မှူးဒမ်ဆေး စာချုပ်သစ်ချုပ်ဆိုမည်ဟု နည်းပြ မာတင်ဂျိုးလ် ယုံကြည်နေ

**လန်ဒန် မေ ၅**

ပရီမီယာလိဂ်ကလပ် ဖူးဟမ်အသင်းမန်နေဂျာ မာတင်ဂျိုးလ်သည် ၎င်း၏အသင်း၌အားထားရသည့် ကစားသမားဒမ်ဆေးမှာ လက်ရှိဖူးဟမ်အသင်းနှင့် စာချုပ်သစ်တစ်ရပ်ထပ်မံချုပ်ဆိုမည်ဟု လုံးဝယုံကြည်ထားကြောင်း နည်းပြ မာတင်ဂျိုးလ်က ဆိုသည်။

အမေရိကန်စူပါစတား ဖူးဟမ်တိုက်စစ်မှူးဒမ်ဆေးသည် တောင်ပံရောကွင်းလယ်ပါ အကောင်းဆုံးကစားနိုင်သူဖြစ်သည်။ ဒမ်ဆေး၏ ကစားပုံကောင်းမွန်မှုကြောင့် အာရပ်စော်ဘွားများ ပြည်ထောင်စု၌ ၂၀၀၃ ခုနှစ်၏ ကမ္ဘာ့လူငယ် အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သူဖြစ်ပြီး ဖူးဟမ်အသင်းအပြင် အမေရိကန်နိုင်ငံအသင်း၌ပင် ပါဝင်ကစားခဲ့သူဖြစ်သည်။

ဒမ်ဆေးသည် ပရီမီယာလိဂ်ကလပ်များဖြစ်သည့် လီဗာပူး၊ အာဆင်နယ်နှင့် အဲဗာတန်အသင်းတို့၏ စိတ်ဝင်စားခြင်းကိုခံနေရပြီး ယခုနှစ်နွေရာသီတွင် ပြောင်းရွှေ့ကစားရန်လည်း ချိတ်ဆက်မှုများ ပြုလုပ်ထားသည်ဟု သတင်းတွင်ဖော်ပြသည်။ သို့သော် နည်းပြမာတင်ဂျိုးလ်ကမူ တိုက်စစ်မှူးဒမ်ဆေးသည် ဖူးဟမ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုမှု မကြာမီပြုလုပ်တော့မည်ဟု ယုံကြည်ထားကြောင်း ပြောကြားခဲ့သည်။

ဖူးဟမ်အသင်းအနေဖြင့်လည်း ဒမ်ဆေးအား နောက်ထပ် သုံးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်မံချုပ်ဆိုရန် မျှော်လင့်ထားကြောင်း ဖူးဟမ်အသင်းနည်းပြမာတင်ဂျိုးလ်ကဆိုသည်။ ဒမ်ဆေးမှာ ဖူးဟမ်အသင်း၌သာ ဆက်ရှိနေမည်ဖြစ်ကြောင်း၊ လီဗာပူး၊ အာဆင်နယ်နှင့် အဲဗာတန်တို့၏ စိတ်ဝင်စားမှုမှာလည်း ကောလာဟလသာဖြစ်ကြောင်း၊ သို့သော် ယင်းကမ်းလှမ်းမှုသတင်းများမှာ ဒမ်ဆေးအတွက် အားတက်ဖွယ်ဖြစ်ကြောင်းနှင့် ဖူးဟမ်အသင်းအနေဖြင့် လက်လွှတ်ရန်ခက်ခဲသည့် ကစားသမားတစ်ဦးဖြစ်ကြောင်း နည်းပြ မာတင်ဂျိုးလ်က ဆိုသည်။

(အင်တာနက်)



***အမေရိကန်စူပါစတား ဖူးဟမ်တိုက်စစ်မှူး ဒမ်ဆေး။***

# တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် မေ ၅**

ဒုတိယဗိုလ်မှူးကြီး ကိုကိုလင်း(ငြိမ်း) စည်ပင်သည် ဧပြီ ၂၉ ရက်က တပ်မတော်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားရာ ကိုက်၁၃၀ အကွာမှ Wilson နံပါတ် (၈)ဘောလုံးကို Regronde-3 တုတ်ဖြင့် ရိုက်လိုက်ရာ ကျင်းအမှတ် (၇)သို့ တစ်ချက်တည်း ကျင်းဝင်သွားသည်။ ကစားပွဲတွင် ဒုတိယဗိုလ်မှူးကြီး ထွဏ်းကြည် (ငြိမ်း)(ဗဝတ)၊ ဒုတိယဗိုလ်မှူးကြီး မြင့်ဆွေ(ငြိမ်း)နှင့် ဒုတိယရဲအုပ် ကျော်မင်းနိုင် (ဗဝတ)တို့ ပါဝင်ကစားကြသည်။

(ကြေးမုံ)

# တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် မေ ၅**

ဦးစိန်လွင်သည် ကစားဖော်များဖြစ်ကြသော ဦးအောင်ညွှန့်သိန်း၊ ဦးသန်းထိုက်၊ ဦးထွန်းလတ်တို့နှင့်အတူ ဧပြီ ၂၉ ရက်က နေပြည်တော်ရှိ ROYAL MYANMAR GOLF CLUB ၌ ဂေါက်သီးရိုက်ကစားစဉ် SRIXON SOFT FEU No.2 ဘောလုံးကို SHUTTLE WOOD No.3 တုတ်ဖြင့်ရိုက်လိုက်ရာ ၁၇၄ ကိုက်အကွာရှိ ကျင်းအမှတ် (၇)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကြေးမုံ)

# ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၅**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ MYANMAR BREWERY LTD. က အဓိကကူညီပံ့ပိုးသည့် TIGER MYANMAR AMATEUR OPEN GOLF CHAMPIONSHIP ခဝမဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၅ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ အင်းစိန်မြို့နယ် တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အပျော်တမ်းအဆင့်ပြိုင်ပွဲ (H'CAP 0-12) အဆင့်ရှိသူများသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို R & A RULES LIMITED (ST.ANDREW)ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)



***ခရစ္စတယ်ပဲလေ့ တောင်ပံကစားသမား ဇာဟာ။***

# ခရစ္စတယ်ပဲလေ့စ်ကစားသမား ဇာဟာအားခေါ်ယူရန် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဟော်ဖန်ဟိမ်းအသင်းပြင်ဆင်

**ဟော်ဖန်ဟိမ်း မေ ၅**

လန်ဒန်အခြေစိုက် ခရစ္စတယ်ပဲလေ့စ်အသင်းမှ တောင်ပံကစားသမား ဇာဟာအား နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်ရန် ဟော်ဖန်ဟိမ်းအသင်းက ကြိုးပမ်းလျက်ရှိသည်။

ဘွန်ဒက်လီဂါကလပ် ဟော်ဖန်ဟိမ်းအသင်းသည် ချန်ပီယံရှစ်ကလပ် ခရစ္စတယ်ပဲလေ့စ်တိုက်စစ်မှူးဇာဟာအား ဘောလုံးရာသီကုန်ချိန်တွင် ဟော်ဖန်ဟိမ်းအသင်းသို့ ပြောင်းရွှေ့လာမည်ဆိုပါက ပြောင်းရွှေ့ကြေး ပေါင် လေးသန်းပေးရန် မျှော်လင့်ထားကြောင်း ဂျာမန်သတင်းဌာနများက သတင်းဖော်ပြသည်။

အသက် (၁၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားဇာဟာအား ဘော်လ်တန်အသင်းနှင့် အက်စ်တွန်ဗီလာ အသင်းတို့ကလည်း စိတ်ဝင်စားလျက်ရှိရာ ဟော်ဖန်ဟိမ်းအသင်းအနေဖြင့် ဇာဟာအား ခေါ်ယူနိုင်ရေးအတွက် ဘော်လ်တန်နှင့် အက်စ်တွန်ဗီလာအသင်းတို့နှင့် အပြိုင် ကြိုးပမ်းသွားမည်ဟုလည်း သတင်း၌ ဖော်ပြသည်။

ဇာဟာသည် ၂၀၀၇ ခုနှစ်တွင် ခရစ္စတယ်ပဲလေ့စ်အသင်း၌ စတင်ကစားခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ပရော်ဖက်ရှင်နယ်ကစားသမားတစ်ဦး ဖြစ်လာခဲ့သည်။ ထို့နောက် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်များတွင် အင်္ဂလန် ယူ-၁၉ နှင့် ယူ-၂၁ ပြိုင်ပွဲများတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သော ကစားသမားဖြစ်လာသည်။

ထို့ကြောင့် ဂျာမန်ကလပ်ဟော်ဖန်ဟိမ်းအသင်းက ဘော်လ်တန်နှင့် အက်စ်တွန်ဗီလာ အသင်းများထက် နောက်မကျစေဘဲ ဇာဟာအား ခေါ်ယူနိုင်ရေးပြင်ဆင်မှုများ ပြုလုပ်ထားပြီဖြစ်ကြောင်း ဂျာမန်သတင်းများက ဆိုသည်။

အင်တာနက်။

**နိုင်လင်းကြည်**

## ❒ နည်းပြ ကာပယ်လိုမှ

ရှိုင်းဟော့ဆန်အား အင်္ဂလန်နည်းပြအဖြစ် ခန့်အပ်ရန်ဆုံးဖြတ်ချက်ကိုလည်း ထောက်ခံခဲ့ကြောင်းနှင့် အင်္ဂလန်အသင်းအတွက် ယူရို ၂၀၁၂ နှင့် အနာဂတ်အောင်မြင်မှုရရှိရေး စွမ်းဆောင်နိုင်မည့်နည်းပြတစ်ဦးဖြစ်ကြောင်း ကာပယ်လိုက အင်္ဂလန်အသင်းနည်းပြသစ် ရှိုင်းဟော့ဆန်ကိုလည်း ချီးကျူးစကား ပြောကြားခဲ့သည်။

အင်တာနက်။

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် (၃၇) အနိုင်/အရှုံးရလဒ်

၅ - ၅ - ၂၀၁၂

| | | | |
|---|---|---|---|
| အာဆင်နယ် | ၃ | - | ၃ နော့ဝှစ် |
| ***ဘီနာယောင် ၂မိနစ်*** | | - | ***ဟိုလာဟမ် ၁၂ မိနစ်*** |
| ***ဗန်ပါစီ ၇၂၊ ၈၀ မိနစ်*** | | - | ***ဟော့စ် ၂၇ မိနစ်*** |
| | | | ***မောရစ်ဆင် ၈၅ မိနစ်*** |

## FA Cup ဗိုလ်လုပွဲ ပွဲစဉ် အနိုင်/အရှုံးရလဒ်

၅ - ၅ - ၂၀၁၂

ချယ်လ်ဆီး ၂ - ၁ လီဗာပူး

# ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ဂျပန် - မြန်မာ လွှတ်တော်များအကြား အပြန်အလှန်ဆက်ဆံရေးဖလှယ်ရန် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**ရန်ကုန် မေ ၅**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်-မြန်မာ လွှတ်တော်များအကြား အပြန်အလှန်ဆက်ဆံရေးဖလှယ်မှုပြုလုပ်ရန် ယနေ့ ည ၇ နာရီ ၁၀ မိနစ်တွင် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Takashi SAITO နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(ယာပုံ)**

**လိုက်ပါ**

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အမျိုးသားလွှတ်တော် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်၊ အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာကော်မတီဥက္ကဋ္ဌ ဦးနေဝင်းထွန်း၊ အမျိုးသားလွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်း၊ အမျိုးသားလွှတ်တော် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝဏ္ဏအောင်မြင့်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)



**အမှာစကားပြောကြား**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနား မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသရုပ်ပြအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၅

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနား၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) စစ်ရေးပြကွင်း၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် တက်ရောက်၍ အမှာစကားပြောကြားသည်။**





အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနားကို စစ်ရေးပြကွင်း၌ ကျင်းပသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အမှာစကားပြောကြားရာတွင် မီးဘေးအန္တရာယ်အပါအဝင် ဘေးအန္တရာယ်များတွင် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များသာမက အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ရဲဝံ့စွန့်စားသောစိတ်ဓာတ်၊ ကိုယ်ကျိုးစွန့်သော စိတ်ဓာတ်များဖြင့် မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်ပေးခဲ့မှုများအတွက် ဝန်ကြီးဌာနအနေဖြင့် ဂုဏ်ယူကြောင်း ပြောကြားလိုကြောင်း။

နိုင်ငံတော်တစ်ဝန်းလုံးရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပရဟိတစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ပြင် မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များတွင် **စာမျက်နှာ ၉ ကော်လံ ၂ သို့** ❖

# နည်းပြကာပယ်လို ကလပ်အသင်းများဘက်သို့ ခြေဦးလှည့်လာ

**လန်ဒန် မေ ၅**

ကာပယ်လိုသည် အင်္ဂလန်နိုင်ငံအသင်းမန်နေဂျာအဖြစ်မှ နုတ်ထွက်ကာ ကလပ်အသင်းမန်နေဂျာတစ်ဦးဖြစ်လာရေးအတွက် ကလပ်အသင်းများဘက်သို့ ခြေဦးလှည့်လာကြောင်း မေ ၅ ရက် အားကစားသတင်းများတွင် ဖော်ပြသည်။

အသက် (၆၅)နှစ်အရွယ်ရှိပြီဖြစ်သော နည်းပြကာပယ်လိုသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက အင်္ဂလန်အသင်းမန်နေဂျာရာထူးမှ နုတ်ထွက်ခဲ့ပြီး ယခုတစ်ဖန် ပရီမီယာလိဂ်အသင်းတစ်သင်း၏ နည်းပြရာထူးတစ်နေရာရရေးအတွက် ရှာပုံတော်ဖွင့်ရပြန်ပြီဖြစ်သည်။

ကာပယ်လိုသည် အင်္ဂလန်နည်းပြအဖြစ်မှ နုတ်ထွက်ခဲ့သော်လည်း မိမိအနားမယူမီ ပရီမီယာလိဂ်ကလပ်အသင်းတစ်သင်းအား ကိုင်တွယ်ရန် ဆန္ဒပြင်းပြနေကြောင်း၊ ကိုင်တွယ်ခွင့်ရရှိမည့် အသင်းကိုလည်း တတ်စွမ်းသမျှ ဆုဖလားများရရှိရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ယင်းမှာ အသင်း၏ ဂုဏ်သိက္ခာကို ပိုမိုမြှင့်တင်နိုင်ရေးကိုသာ စိတ်အားထက်သန်ခြင်းကြောင့်ဖြစ်ကြောင်း၊ ငွေကြေးကဏ္ဍအရ ကလပ်အသင်းနည်းပြလုပ်ရန် ရည်ရွယ်ခြင်းမဟုတ်ကြောင်း ကာပယ်လိုက တိုင်းမ်သတင်းဌာနသို့ ပြောကြားခဲ့သည်။

တစ်ချိန်က ကလပ်အသင်းနည်းပြဘဝမှ ထိပ်တန်းအသင်းတစ်သင်းဖြစ်သည့် အင်္ဂလန်နိုင်ငံအသင်းကို စီမံခန့်ခွဲရသည့် ကြီးမားသော အခွင့်အရေးတစ်ရပ်ကို ရရှိခဲ့ပြီး အင်္ဂလန်အသင်းနည်းပြအဖြစ်မှ နုတ်ထွက်ခဲ့သော်လည်း မိမိ၏ အင်္ဂလန်အသင်းနှင့် ကစားသမားများအား ကိုင်တွယ်ပုံကောင်းမွန်ခဲ့ခြင်းကြောင့် အင်္ဂလန်နိုင်ငံ၏ အလေးထားမှုကိုခံခဲ့ရကြောင်း ကာပယ်လိုကဆိုသည်။

ထို့ပြင် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က ဝက်စ်ဘရွန်းနည်းပြ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❐

**နိုင်ငံတကာအားကစားသတင်း**

နိုင်လင်းကြည်



**အင်္ဂလန်နည်းပြအဖြစ်မှ နုတ်ထွက်ခဲ့သော်လည်း ပရီမီယာလိဂ် ကလပ်အသင်းတစ်သင်းအား ကိုင်တွယ်ရန် ဆန္ဒပြင်းပြနေသော ကာပယ်လို**

## ထူးခြားသည့်နေ့အပူချိန်

၅-၅-၂၀၁၂

| | | |
|---|---|---|
| ချောက်နှင့် မင်းဘူး | ၄၂ | ဒီဂရီစင်တီဂရိတ်စီ |
| နေပြည်တော်(ရေဆင်း) | ၄၁ | ဒီဂရီစင်တီဂရိတ် |
| မုံရွာနှင့် မြင်းခြံ | ၄၁ | ဒီဂရီစင်တီဂရိတ်စီ |
| ညောင်ဦး | ၄၁ | ဒီဂရီစင်တီဂရိတ် |